# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၆၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

**ယနေ့** *ဖတ်စရာ*


**အဂတိပယ်ခွာ ပြည်သာယာ** ဆောင်းပါး စာ ၈

**မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အောင်မြင်စွာ ထည့်သွင်းနိုင်ခဲ့** ပြည်တွင်းသတင်း စာ ၉

**မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းရေး ရွေးကောက်ပွဲများကျင်းပခြင်းအားဖြင့် အာရှနှင့် ကမ္ဘာအတွက် ကောင်းမွန်စေနိုင်သော အကြောင်းတရားများ** ဆောင်းပါး စာ ၁၇

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) သင်တန်းဆင်းပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) သင်တန်းဆင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**ရဲဘော်တို့**

ဒီနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)ရဲ့ သင်တန်းဆင်းတဲ့နေ့ ဖြစ်သလို နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားသစ်လောင်းတဲ့နေ့လည်းဖြစ်တာမို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာပြောကြားလိုတယ်။

**ရဲဘော်တို့**

**"တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်နှင့် နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်"** ဆိုတဲ့ စစ်တက္ကသိုလ်ရဲ့ ရည်ရွယ်ချက်နဲ့အညီ ရဲဘော်တို့ကို နိုင်ငံတော်နဲ့ တပ်မတော်က အားထားရမယ့် နိုင်ငံ့သားကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်းဖြစ်တယ်။ အမိစစ်တက္ကသိုလ်က မွေးထုတ်ပေးခဲ့တဲ့ ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ တပ်မတော်အတွက် ခွန်အားသစ်တွေကို ဖြည့်ဆည်းပေးမယ့် မျိုးဆက်သစ် အရာရှိငယ်များဖြစ်လို့ တာဝန်ကျရာ တပ်အသီးသီးကို ရောက်ရှိချိန်မှာ အမိစစ်တက္ကသိုလ်ရဲ့ ဂုဏ်ကို စောင့်ထိန်းပြီး ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမှာ ဖြစ်တယ်။ စစ်တက္ကသိုလ်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **"နောင်တစ်ခေတ်၏ အောင်စစ်သည်"** ဆိုတဲ့အတိုင်း ရဲဘော်တို့ဟာ မျိုးဆက်သစ်ခေါင်းဆောင်ငယ်များအနေနဲ့ စစ်မြေပြင်မှာ အောင်ပွဲတွေရရှိအောင် သင်ကြားပေးလိုက်တဲ့ စစ်ပညာ၊ စာပေပညာရပ်တွေကို ထိရောက်စွာ အသုံးချကာ သူရသတ္တိနဲ့ တွေးခေါ်မြော်မြင်မှု ပေါင်းစပ်ပြီး ကြိုးစားအားထုတ် တာဝန်ထမ်းဆောင်သွားကြဖို့ လိုအပ်တယ်။ နိုင်ငံတော်ကိုကာကွယ်ဖို့ ခိုင်မာတဲ့သန္နိဋ္ဌာန်စိတ်နဲ့ မိမိတို့ သဘောဆန္ဒအလျောက် တပ်မတော်ကို ဝင်ရောက်လာခဲ့တဲ့ ရဲဘော်တို့အနေနဲ့ စစ်တက္ကသိုလ်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာ၊ ကောင်းမွန်တဲ့ ဂုဏ်သတင်းများကို ဆက်လက်စောင့်ထိန်းပြီး စစ်မြေပြင်မှာ မှတ်ကျောက်တင်ခံနိုင်မယ့် စစ်သားကောင်းများဖြစ်အောင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သွားကြပါလို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်ရဲ့ တပ်ရင်း/တပ်ဖွဲ့ အသီးသီးမှာ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရတော့မယ့် ရဲဘော်တို့ဟာ မိမိကွပ်ကဲရမယ့် လက်အောက်ငယ်သားတွေကို မှန်ကန်တဲ့ခေါင်းဆောင်မှုပေးနိုင်ဖို့ လိုအပ်တယ်။ အမိကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ခေါင်းဆောင်မှုပညာရပ်ဟာ အခြေခံသဘောမျှသာဖြစ်တဲ့အတွက် လက်တွေ့နယ်ပယ်ကရရှိလာတဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေနဲ့ ပေါင်းစပ်ပြီး ခေါင်းဆောင်ကောင်းတွေဖြစ်အောင် ကြိုးစားကြရမယ်။

ဒါ့အပြင် မိမိဦးဆောင်တဲ့အဖွဲ့ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်ဖို့ လက်အောက်ငယ်သားများကို ကျောသားရင်သားမခွဲခြားဘဲ ကွပ်ကဲအုပ်ချုပ်နိုင်ရမယ်။ ကိုယ်တိုင်စံနမူနာပြဖြစ်အောင် နေထိုင်ခြင်းဖြင့် လက်အောက်ငယ်သားတွေရဲ့ ရိုသေမှု၊ လေးစားမှု၊ ယုံကြည်ကိုးစားမှုနဲ့ သစ္စာရှိစွာ ပူးပေါင်းဆောင်ရွက်မှုတို့ကိုရယူပြီး ပေးအပ်တဲ့ ရည်မှန်းချက်တာဝန်တွေကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ဖို့လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ ဒို့တပ်မတော်က ပြဋ္ဌာန်းထားတဲ့ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့အညီ ပြုမူကျင့်ကြံပြီး စစ်မြေပြင်နှင့်လုပ်ငန်းတာဝန် နယ်ပယ်အသီးသီးမှာ လက်အောက်ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်တဲ့ ခေါင်းဆောင်ကောင်းများ ဖြစ်ရန်အတွက် မိမိတို့ရဲ့ ခေါင်းဆောင်မှုအရည်အသွေးများကို အစဉ်တိုးတက်နေအောင် ကြိုးပမ်းတည်ဆောက်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာမှာ ဘယ်အချိန် ဘယ်နေရာပဲဖြစ်ဖြစ် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရတဲ့သူတွေဖြစ်လို့ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပြီး စိတ်ဓာတ်ကောင်းမွန်ဖို့ အထူးလိုအပ်တယ်။ တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်ကောင်းမွန်စေဖို့အတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးတို့နဲ့ ဖန်တီးပေးရမှာဖြစ်သလို တစ်ဖက်ကလည်း မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ အစဉ်အလာ၊ သမိုင်းကြောင်းစတာတွေနဲ့ တည်ဆောက်ပေးရမှာဖြစ်တယ်။ မျိုးချစ်စိတ်ဆိုရာမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကို ထိရင် မချိအောင်နာတတ်တဲ့စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမယ်ဆိုတဲ့စိတ်တို့ပဲဖြစ်တယ်။ အဲဒီလိုအရင်းခံစိတ်တွေ ကိန်းဝပ်လာအောင် တည်ဆောက်ပေးနိုင်မှသာ တစ်ဦးချင်းရဲ့ ယုံကြည်ချက်၊ ခံယူချက်မြင့်မားလာပြီး စိတ်ဓာတ်ခိုင်မာကောင်းမွန်လာမှာ ဖြစ်တယ်။ စိတ်ဓာတ်ကောင်းရင် လူ၊ လက်နက်အင်အားနည်းသော်လည်း အောင်မြင်မှုရရှိအောင် ကြံ့ကြံ့ခံဆောင်ရွက်နိုင်စွမ်းရှိတာကို တွေ့ရှိရတယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ မိမိကိုယ်တိုင်သာမက မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကိုပါ မျိုးချစ်စိတ်၊ တိုင်းပြည်ကိုကာကွယ်လိုစိတ်၊ မိမိတပ်ဖွဲ့နဲ့ တပ်မတော်အပေါ် ချစ်ခင်တွယ်တာစိတ်ရှိစေဖို့ လေ့ကျင့်ပြုစုပျိုးထောင်နေကြရမှာဖြစ်တယ်။ ဒါ့အပြင် တိုက်ပွဲဝင်ရာမှာလည်း ရဲဘော်တို့အပါအဝင် တပ်ဖွဲ့ဝင်တွေရဲ့ တိုက်လိုခိုက်လိုစိတ်မြင့်မားစေဖို့အတွက် တပ်မတော်ရဲ့ စိတ်ဓာတ်တွေဖြစ်တဲ့ လျှော့ခက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ ပေးအပ်တဲ့တာဝန်အပေါ်မှာ တုံးတိုက်တိုက် ကျားကိုက်ကိုက် မဖြစ်မနေအောင်မြင်အောင် လုပ်မယ်ဆိုတဲ့စိတ်ဓာတ်၊ ဒို့တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို အသက်နဲ့လဲပြီး စောင့်ထိန်းမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးရရှိအောင် တည်ဆောက်သွားကြဖို့ လိုတယ်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်တဲ့စိတ်များနဲ့ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်ရဲ့ဂုဏ်ကို မြှင့်တင်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

စိတ်ဓာတ်ကောင်းမွန်မှုနဲ့ စည်းကမ်းလိုက်နာမှုတို့ဟာ ဆက်စပ်နေတာကြောင့် စိတ်ဓာတ်ကောင်းရင် စည်းကမ်းလိုက်နာမှုလည်း အားကောင်းလာမှာဖြစ်တယ်။ စည်းကမ်းဆိုတာ လူ့ကျင့်ဝတ်တစ်ခုဖြစ်သလို တပ်မတော်ရဲ့ကျောရိုးနဲ့ အသက်ဝိညာဉ်လည်းဖြစ်တာကြောင့် အလေးထားလိုက်နာစောင့်ထိန်းကြဖို့ လိုအပ်တယ်။ စည်းကမ်းအမျိုးမျိုးသတ်မှတ်ထားပေမယ့် အမျိုးအစားခွဲခြားမယ်ဆိုရင် တိုက်တွန်းချက်၊ တားမြစ်ချက်များဖြစ်တဲ့ ဆောင်ရန်စည်းကမ်းနဲ့ ရှောင်ရန်စည်းကမ်းဆိုပြီး နှစ်မျိုးသာရှိတာကို တွေ့ရမယ်။ ဆောင်ရန်စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ မပျက်မကွက်လိုက်နာရမယ့်အချက်တွေဖြစ်ပြီး ရှောင်ရန်စည်းကမ်းကတော့ လုံးဝမပြုလုပ်ရန် တားမြစ်ထားတဲ့ အချက်တွေဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ ဒို့တပ်မတော်သားအားလုံးအတွက် လိုက်နာရန်တိုက်တွန်းထားတဲ့ စစ်သည်တော် ကျင့်ဝတ်အပါး(၆၀) ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာလိုက်နာသွားဖို့လိုအပ်သလို စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေနဲ့ နယ်ဘက်ဆိုင်ရာ စည်းကမ်းဥပဒေတွေကိုလည်း လေးစားလိုက်နာကြရမယ်။ ရှောင်ကြဉ်ရမယ့်စည်းကမ်းတွေအနေနဲ့ တပ်မတော်အက်ဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်လို့ အဲဒီဥပဒေတွေကိုလည်း သိရှိနားလည်အောင် လေ့လာပြီး အလေးထားလိုက်နာဖို့ လိုအပ်တယ်။ ဒါ့အပြင် နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ **"စစ်ပွဲဆိုင်ရာဥပဒေများနဲ့ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း"** တွေကိုလည်း သိရှိလိုက်နာကြရမှာဖြစ်တယ်။

**ရဲဘော်တို့**

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ ကိုယ့်လက်အောက်ငယ်သားတွေကို စည်းကမ်းလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရမှာဖြစ်သလို ကိုယ်ကိုယ်တိုင်လည်း လိုက်နာစောင့်ထိန်းဖို့လိုအပ်တယ်။ အထူးသဖြင့် စည်းကမ်းအရာမှာ စံနမူနာပြ လိုက်နာစောင့်ထိန်းရမှာဖြစ်ပြီး တစ်ဦးချင်းနဲ့ အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်တဲ့ ပြုမူနေထိုင်မှုတွေကို ရှောင်ကြဉ်ကြဖို့ လိုအပ်တယ်။ အသောက်အစားနဲ့ အပျော်အပါးများဟာ မိမိတို့တစ်ဦးချင်းရဲ့စွမ်းဆောင်ရည်တွေကိုသာမက မိမိတို့ရဲ့ မိသားစုနဲ့အဖွဲ့အစည်းအပေါ်ကို ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ တစ်ဦးချင်းကိုယ်စီ အသိတရား၊ ဆင်ခြင်တုံတရားများနဲ့ နေထိုင်ဖို့ လိုအပ်သလို မိမိလက်အောက်ငယ်သားများကိုလည်း ထိန်းသိမ်းကြပ်မတ်သွားဖို့ လိုတယ်။ မိမိတစ်ဦးချင်းစီ၏ ပြုမူပြောဆိုနေထိုင်မှုများဟာ တပ်မတော်ရဲ့ဂုဏ်သိက္ခာနဲ့ သက်ဆိုင်တဲ့အတွက် တစ်ဦးချင်းစီက စည်းကမ်းနဲ့အညီ နေထိုင်ပြုမူကျင့်ကြံကြရန် လိုအပ်ကြောင်း မှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နေကြရသူတွေဖြစ်တဲ့အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုရှိဖို့ကို အလေးထားလုပ်ဆောင်ကြဖို့ လိုတယ်။ ကျန်းမာကြံ့ခိုင်ဖို့ကို လေ့ကျင့်ရေးနဲ့လုပ်ယူရတာဖြစ်ပြီး တပ်တစ်တပ်ကို တည်ဆောက်တဲ့နေရာမှာ လေ့ကျင့်ရေးဟာ အရေးကြီးဆုံးလုပ်ငန်းဖြစ်တယ်။ လေ့ကျင့်ရေးနဲ့ ကျန်းမာကြံ့ခိုင်မှုဟာ အပြန်အလှန်သက်ရောက်မှုရှိပြီး လေ့ကျင့်နေမှသာ

*စာမျက်နှာ ၄ သို့*

☆ **ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ ကိုယ့်လက်အောက်ငယ်သားတွေကို စည်းကမ်းလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရမှာဖြစ်သလို ကိုယ်ကိုယ်တိုင်လည်း လိုက်နာစောင့်ထိန်းဖို့ လိုအပ်တယ်။ အထူးသဖြင့် စည်းကမ်းအရာမှာ စံနမူနာပြ လိုက်နာစောင့်ထိန်းရမှာ ဖြစ်ပြီး တစ်ဦးချင်းနဲ့အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်တဲ့ ပြုမူနေထိုင်မှုတွေကို ရှောင်ကြဉ်ကြဖို့ လိုအပ်တယ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၆၆)မှ အောင်စစ်သည် ဆုရရှိသူ ဗိုလ်လောင်း အမှတ် ၃၅၉၈၈၊ ဗိုလ်လောင်း ထက်အာကာ၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ် ၃၅၈၅၃၊ ဗိုလ်လောင်း သီဟစိုး၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်း အမှတ် ၃၆၀၀၁၊ ဗိုလ်လောင်း နေသုခ၊ စာပေထူးချွန်ဆု(သိပ္ပံ) ရရှိသူ ဗိုလ်လောင်း အမှတ် ၃၆၁၂၆၊ ဗိုလ်လောင်း ရဲထက်၊ စာပေထူးချွန်ဆု (ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၄၀၊ ဗိုလ်လောင်း ဇော်ဖြိုးအောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ **(နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းကို စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သည် ဗိုလ်လောင်း တပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ငါးဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။***စာမျက်နှာ ၅ သို့***

*စာမျက်နှာ ၃ မှ*

ကျန်းမာကြံ့ခိုင်နေမှာဖြစ်သလို ကျန်းမာကြံ့ခိုင်နေမှလည်း လေ့ကျင့်ရေးလုပ်ငန်းတွေကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်နိုင်မှာဖြစ်တယ်။ လေ့ကျင့်ရေးလုပ်ဆောင်ခြင်းဟာ ကြံ့ခိုင်မှုနဲ့ ကျွမ်းကျင်မှုရှိဖို့ဖြစ်တယ်။ ကြံ့ခိုင်မှုဆိုတာ တပ်ဖွဲ့ဝင်တစ်ဦးချင်းရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းကျန်းမာကြံ့ခိုင်နေအောင် လေ့ကျင့်တာဖြစ်သလို ကျွမ်းကျင်မှုဆိုတာကတော့ မိမိတို့ကိုင်တွယ်အသုံးပြုနေတဲ့ လက်နက်တွေနဲ့ သင်ယူလေ့လာထားတဲ့ စစ်ပညာရပ်တွေကို ကျွမ်းကျင်ဖို့ လေ့ကျင့်တာဖြစ်တယ်။ အဲဒီလိုကျွမ်းကျင်မှုရှိမှ ယုံကြည်မှု ရှိလာမှာဖြစ်ပြီး ယုံကြည်မှုရှိမှလည်း ကြုံတွေ့လာတဲ့ အခက်အခဲတိုင်းကို ရဲဝံ့စွန့်စားစွာ ရင်ဆိုင်လုပ်ကိုင်နိုင်တဲ့ ရဲစွမ်းသတ္တိတွေရရှိလာမှာဖြစ်တယ်။ ဒါတွေဟာ လေ့ကျင့်မှုလုပ်ဆောင်ခြင်းမှရရှိတာဖြစ်လို့ စိတ်ပိုင်း၊ ရုပ်ပိုင်း အစဉ်ကြံ့ခိုင်မှုရှိအောင် ရဲဘော်တို့အနေနဲ့ **“ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်”**ဆိုတဲ့ တပ်မတော်ရဲ့ လေ့ကျင့်ရေးမူဝါဒများနဲ့အညီ စဉ်ဆက်မပြတ်လေ့ကျင့်နေကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ အလွန်အကျည်းတန်၊ ရုပ်ဆိုးလှတဲ့ အဲဒီအချိန်က အာဏာရပါတီရဲ့ မဲမသမာမှုများကြောင့် အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး နိုင်ငံ့တာဝန်ထိန်းသိမ်းပေးနေတဲ့ တပ်မတော်ရဲ့ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အဓိကရည်မှန်းချက်ဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးဖြစ်တယ်။ ရွေးကောက်ပွဲအကြိုလုပ်ငန်းများဖြစ်တဲ့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်ကို အောက်တိုဘာလဆန်းမှ စတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြုလုပ်နိုင်ခဲ့တယ်။ အဲဒီလိုလုပ်ဆောင်ခဲ့တာဟာ နိုင်ငံတော် ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာပါရှိတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံးရဲ့ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိတဲ့ အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်။ သန်းခေါင်စာရင်းက ရရှိလာမယ့်အချက်အလက်များဟာ နိုင်ငံတော်ရဲ့ လက်ရှိနဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် အသုံးဝင်မှာဖြစ်သလို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကိုလည်း အထောက်အကူပြုမှာဖြစ်တယ်။ မှန်ကန်တဲ့မဲစာရင်းများနဲ့ ရွေးကောက်ပွဲကို စည်းစနစ်ကျစွာကျင်းပပြီး ရွေးကောက်ပွဲမှ ထွက်ပေါ်လာတဲ့အစိုးရကို နိုင်ငံတော်တာဝန်များလွှဲအပ်နိုင်ရေး ဆက်လက်လုပ်ဆောင်ရာမှာရဲဘော်တို့အနေနဲ့ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ ပြည်သူတွေနဲ့ ပူးပေါင်းပြီး ခေတ်အဆက်ဆက်မှာ ပြည်တွင်းပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို နိုင်ငံတော်မှာ ကြုံတွေ့လာရမယ့် ဘေးအန္တရာယ်တွေကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူလူထု စည်းလုံးညီညွတ်မှုအားနဲ့ ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းရှိရမှာဖြစ်တယ်။ ယနေ့ကာလမှာ ပြည်တွင်းပြည်ပ အဖျက်သမားများဟာ ဆိုရှယ်မီဒီယာကို လက်နက်သဖွယ်အသုံးပြုပြီး အစိုးရနဲ့ပြည်သူ၊ ပြည်သူနဲ့ တပ်မတော် သွေးကွဲအောင်၊ စည်းလုံးညီညွတ်မှု ပြိုကွဲအောင် ထိုးနှက်တိုက်ခိုက်လျက်ရှိတယ်။ အထူးသဖြင့် နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေတဲ့ ဒို့တပ်မတော်သားအချင်းချင်းစိတ်ဝမ်းကွဲအောင် သတင်းအတု၊ သတင်းအမှားတွေနဲ့ ထိုးနှက်တိုက်ခိုက်မှုတွေကို လုပ်ဆောင်နေတာ မြင်တွေ့ကြရမှာဖြစ်တယ်။ အဲဒီလို တပ်မတော်ဖြိုခွဲရေးအတွက် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတဲ့ သတင်းအတု၊ သတင်းအမှားတွေကို နားမယောင်မိဖို့လိုသလို ရဲဘော်တို့အနေနဲ့ တာဝန်ကျရာတပ်အသီးသီးကို ရောက်ရှိသွားချိန်မှာ တပ်မတော်သားနဲ့ မိသားစုဝင်တွေ သတင်းအတု၊ သတင်းအမှားများကြောင့် ယုံကြည်ချက်၊ ခံယူချက်တွေ မယိမ်းယိုင်သွားစေဖို့နဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာအားကောင်းစေဖို့အတွက် စည်းရုံးလုပ်ဆောင်သွားကြဖို့ လိုအပ်တယ်။ တပ်တွင်းစည်းလုံးညီညွတ်မှုရှိစေရေးအတွက် အထက်က ပေးအပ်တဲ့ အမိန့်နဲ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ဖို့လိုသလိုလက်အောက်ကိုထိတွေ့မှုများများနဲ့ဦးဆောင်ပြီး နေ့စဉ်လုပ်ဆောင်ရမယ့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ကိုအောင်မြင်စွာလုပ်ဆောင်သွားကြဖို့ အလေးထားမှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအားကောင်းအောင် တည်ဆောက်ရမှာဖြစ်သလို တစ်ဖက်ကလည်း တပ်ပြင်စည်းရုံးရေးကို အောင်မြင်အောင်လုပ်ဆောင်သွားကြဖို့ လိုအပ်တယ်။ လက်ရှိအချိန်မှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့လူပုဂ္ဂိုလ်တချို့ဟာ တပ်မတော်အပေါ် ပြည်သူလူထုရဲ့ အထင်အမြင်တွေ လွဲမှားသွားစေဖို့အတွက် ပြည်ဖျက်မီဒီယာများနဲ့ပူးပေါင်းပြီး တပ်မတော်ပုံရိပ်ကျဆင်းအောင် ပြောဆိုရေးသားနေကြတာကို တွေ့ရတယ်။ ဒီလို လုပ်ဆောင်ချက်တွေဟာ တပ်မတော်အပေါ်မှာသာမက တစ်မျိုးသားလုံးရဲ့ စည်းလုံးညီညွတ်မှုအပေါ်မှာ ဆိုးရွားစွာထိခိုက်နိုင်တာ ရဲဘော်တို့အသိပဲ ဖြစ်တယ်။ ဒါကြောင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများရဲ့ ဆိုးရွားတဲ့လုပ်ရပ်တွေအပေါ် အသိ၊ သတိနဲ့ ဆင်ခြင်ပြီး စစ်မှန်တဲ့တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်သွားရမှာပဲ ဖြစ်တယ်။ တပ်ပြင်စည်းရုံးရေး ဆောင်ရွက်ရာမှာလည်း ရဲဘော်တို့အနေနဲ့ စစ်သည်တော်ကျင့်ဝတ်နဲ့အညီ နေထိုင်ကျင့်ကြံပြီး မိမိနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တစ်တပ်တစ်အား ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရပါက အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းများအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကို တပ်မတော်ရဲ့ အဓိကလုပ်ငန်းတာဝန်တစ်ရပ်အဖြစ်ခံယူပြီး စစ်မှန်တဲ့ စိတ်ရင်းစေတနာနဲ့ အပြည့်အဝ လုပ်ဆောင်ပေးကြဖို့ အလေးအနက်ထား မှာကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့

- စစ်တက္ကသိုလ်ရဲ့ မွန်မြတ်တဲ့အစဉ်အလာ၊ ကောင်းမွန်တဲ့ ဂုဏ်သတင်းများကို ဆက်လက်စောင့်ထိန်းပြီး စစ်မြေပြင်မှာ မှတ်ကျောက်တင်ခံနိုင်မယ့် စစ်သားကောင်းများဖြစ်အောင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သွားကြပါ။
- ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆) ရပ်နဲ့အညီ ပြုမူကျင့်ကြံပြီး မိမိတို့ရဲ့ ခေါင်းဆောင်မှု အရည်အသွေးများကို အစဉ်တိုးတက်နေအောင် ကြိုးပမ်းတည်ဆောက်သွားကြပါ။
- မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်တဲ့စိတ်များနဲ့ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်ရဲ့ ဂုဏ်ကို မြှင့်တင်သွားကြပါ။
- နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်ပွဲဝင်အသင့်ရှိစေဖို့ **“ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်”** ဆိုတဲ့ တပ်မတော်ရဲ့လေ့ကျင့်ရေးမူဝါဒများနဲ့အညီ လေ့ကျင့်မှုတွေ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြပါ။
- တပ်မတော်ရဲ့ ရည်မှန်းချက်တာဝန်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ကျရာတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်တဲ့ **“နောင်တစ်ခေတ်၏ အောင်စစ်သည်”** များဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၈၈၊ ဗိုလ်လောင်း ထက်အာကာ အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စာပေထူးချွန်ဆု(သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၁၂၆၊ ဗိုလ်လောင်း ရဲထက် အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်း အမှတ် ၃၅၉၄၀၊ ဗိုလ်လောင်း ဇော်ဖြိုးအောင် အား ဆုပေးအပ် ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာ ကာလတစ်လျှောက်လုံး စာပေကဏ္ဍ၊ လေ့ကျင့်ရေးကဏ္ဍ တို့တွင် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြခြင်းဖြစ်သဖြင့် ချီးကျူး အသိအမှတ်ပြုကြောင်းနှင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ **ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိဘများ၊ ဆရာ ဆရာမများက သွန်သင်ပဲ့ပြင်ပေးခဲ့သည့် အခြေခံကောင်းများ၊ ယခုသင်တန်းမှရရှိခဲ့သည့် မိမိဘဝတိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှု စသည့် အခြေခံ အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစား အားထုတ်သွားကြရမည်ဖြစ်**ကြောင်း၊ ယနေ့ ခေတ်သည် နည်းပညာများ စဉ်ဆက်မပြတ် ပြောင်းလဲ တိုးတက်နေသည့်အတွက် မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်ဖတ်မှတ်လေ့လာခြင်းဖြင့် ဆက်လက်ဆည်းပူးလေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း။

ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ ကျေးဇူးများ၊ အသိပညာများ ရရှိစေရေး သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများ၏ ကျေးဇူးများကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်လောင်းသင်တန်း လေးနှစ်တာကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များ ဖြစ်လာစေရေးလေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ မိဘများ၏ စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကို ဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်းတစ်ယောက် ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း။

## တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လို

တာဝန် ထမ်းဆောင်ရာတွင်လည်း စစ်သားကောင်းတစ်ယောက် ပီသစွာနေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏တာဝန်များကို ထမ်းဆောင်လျက် ရှိကြသည့် နောင်တော်ကျောင်းဆင်း အရာရှိများ၊ စစ်သည်များထံမှလည်း ကောင်းမွန်သည့် အတွေ့အကြုံကောင်းများကို လက်ဆင့်ကမ်းသင်ယူကြရန် လိုကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားမှပေါက်ဖွားလာခြင်းဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပေးအပ်သည့်တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လို**ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် သုမင်္ဂလာအဆင့်မြင့်ဈေး တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးတို့က ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များအတွင်း ရေဝင်ရောက်မှု အခြေအနေများ၊ ယခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များအား ထိန်းသိမ်းထားရှိမှု အခြေအနေများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲများ ပြုလုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ပန်းပေါင်းစုံများ ရာသီမရွေး ဖူးပွင့်နိုင်ရေး ဆောင်ရွက်ရမည်**

တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်သို့ လာရောက် အပန်းဖြေကြမည့်သူများ များပြားနိုင်သဖြင့် လိုအပ်သည်များကို ပြည့်စုံစွာဆောင်ရွက်ပေးထားရန်လိုကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာ (Land Mark) တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့် ခရီးသွားများ အမြဲမပြတ်လည်ပတ်နိုင်ရေး

*စာမျက်နှာ ၇ သို့*

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။**



အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်စဉ်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၆ မှ*

စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်သဖြင့် ပန်းပေါင်းစုံများ ရာသီမရွေးဖူးပွင့်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေး တိုးတက်အောင် သက်ဆိုင်ရာ သုတေသနအဖွဲ့များက ဆောင်ရွက်သွားရန်လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်း အောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေး စမ်းသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥယျာဉ်နေရာများ၌သာမက မြို့အတွင်းရှိ လမ်းများ၊ ရပ်ကွက်များ အတွင်း၌လည်း သစ်ပင်ပန်းမန်များ စိုက်ပျိုး၍ မျက်စိပသာဒဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

**Green Zone Area များကို မဖြစ်မနေအကောင်အထည် ဖော်သွားရမည်**

ပြင်ဦးလွင်ဒေသသို့ ခရီးသွားဧည့်သည်များ အများအပြား လာရောက် အပန်းဖြေကြခြင်းသည် ဒေသ၏ သာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု၊ အေးချမ်းစိုပြည်မှုတို့ကြောင့်ပင်ဖြစ်ပြီး "အိမ်သာ၍ ဧည့်လာ"ခြင်းပင် ဖြစ်ကြောင်း၊ ဒေသတွင်းသို့ ခရီးသွားအများအပြား လာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူ ဖြစ်စေနိုင်သည်ဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ Green Zone Area များကို မဖြစ်မနေအကောင်အထည် ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည် အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျ ဆက်လက်စိုက်ပျိုးထိန်းသိမ်းခြင်းများဖြင့်လည်း ရာသီဥတုကောင်းမွန်မှုကို ဆက်လက် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများ၊ ဒေသပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြု စိုက်ပျိုးစမ်းသပ်ထားရှိမှု၊ ရေကန်ပတ်လမ်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီးအတွင်း ထည့်သွင်း မွေးမြူထားသည့် အလှမွေးငါးများ၊ ဘဲငန်းများကို အစာကျွေးခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အထပ်အလိုက် ဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရေး လျာထား ဆောင်ရွက်လျက်ရှိမှု၊ ကလေးကစားကွင်း နေရာများ၊ ရုပ်ရှင်ရုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထား ဆောင်ရွက်လျက်ရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဆိုလာပြားများ တပ်ဆင်သွားမည့် အခြေအနေများ၊ မြေညီထပ်ရှိ Local Fresh Fruits & Meats Market နှင့် Banking Service Area အတွက် ဗိသုကာဒီဇိုင်းများ ပြင်ဆင်ထားရှိမှု၊ ယာဉ်ရပ်နားသည့် နေရာအတွင်း EV ကားများအတွက် Battery Charger နေရာများ ဆောင်ရွက်ထားရှိမှု၊ ရေဝင်ရေထွက် ကောင်းမွန်စေရေးအတွက် တွက်ချက်ဆောင်ရွက်ထားရှိမှု၊ ရေဆိုးစွန့်ပစ်မှုစနစ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထူးပြုလုပ်ချက် Video Clip ကို ဖွင့်လှစ်ပြသသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ ရေစီးရေလာနှင့် ရေဝင်ရေထွက် ကောင်းမွန်စေရေး တို့ကိုလည်း ထည့်သွင်းစဉ်းစား၍ ရေနုတ်မြောင်းများကို စနစ်တကျ တွက်ချက်၍ ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများ အားလုံးပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုပြီး စားသောက်ဆိုင်ခန်းများ ထားရှိမည့်အထပ်တွင် သန့်ရှင်းမှုရှိစေရေးကို အလေးထား ဆောင်ရွက်သွားရန်နှင့် ရေ/မီး စနစ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရာတွင် Back up စနစ်ကိုပါ ထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မြင့်ဈေးဖြစ်သည်နှင့်အညီ အသီးအရွက်များ၊ အသားငါးများကိုလည်း စနစ်တကျထုပ်ပိုး၍ ရောင်းချသွားရန်လိုကြောင်း။

**ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများ တစ်နေရာတည်း ရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်**

ယခု အဆင့်မြင့်ဈေးသစ် တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့် ကိုက်ညီသည့် အဆင့်မီဈေးတစ်ခု ဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ စံပြဈေးတစ်ခု ဖြစ်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် သုမင်္ဂလာဈေး (ညံ့တောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေး စီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော် အရာရှိကြီးများနှင့် စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။**(ယာပုံ)**



ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ပထမဆုရဆောင်းပါး

# အဂတိပယ်ခွာ ပြည်သာယာ

မယ်အိမ့်(ကျေးလက်)

သွားရင်းလာရင်း ရုံးပြင်ကနား ရောက်ဖြစ်သည့်အခါ မြင်သာထင်သာ ရုံးတံခါးဝလို နေရာမျိုးတွင် ကျွန်မတို့ တွေ့ရလေ့ရှိသော ဆိုင်းဘုတ်ငယ်လေးတစ်ခုကို လူတိုင်းသတိထားမိမည်ထင်သည်။

**“လာဘ်ပေးရန်မလို”**

ရံဖန်ရံခါဆိုသလို သည်စကားရပ်လေးကိုပင် ဟာသနှော၍ **“လာဘ်ပေး...ရန်မလို”**ဟူ၍ ပြက်လုံးထုတ်တတ်ကြသေးသည်။ **“ပေးကမ်းခြင်းသည် အောင်မြင်ရာ၏”**ဟူသော ဆိုရိုးကလည်း အထင်ကရ ရှိနေပြန်သည်။ ပေးကမ်းခြင်းကို မြစ်ဖျားခံ၍ **“တံစိုးလက်ဆောင်”**၊ **“လာဘ်သပ်ပကာ”** စသော **“အဂတိ”** ဟူသည့် ဆေးခါးကြီးကို ချိုသကာအုပ်၍ လုပစွာသုံးနှုန်းထားသည့် အသုံးအနှုန်းများသည် ကျွန်မတို့၏ လူ့ဘောင်၊ လူ့အဖွဲ့အစည်းတွင် နည်းလမ်းအဖုံဖုံဖြင့် စိမ့်ဝင်ပျံ့နှံ့နေခဲ့သည်။ အဂတိဟူသည်က နိုင်ငံတိုင်းရှိ အဖွဲ့အစည်းအသီးသီး၊ အလွှာအသီးသီး၊ နယ်ပယ်အသီးသီးတွင် ပုံစံအဖုံဖုံ နည်းမျိုးစုံဖြင့် တည်ရှိနေခဲ့ခြင်းဖြစ်သည်။ **“ပေးကမ်းခြင်း”**သည်**“အောင်မြင်ခြင်း၏လမ်းစ”**ဟု ယူဆသူများ ရှိနေသမျှကာလပတ်လုံးတွင် အကျိုးမျှော်၍ ညောင်ရေလောင်းသည့် ဖြစ်စဉ်များသည် နည်းလမ်း အဖုံဖုံဖြင့် ဖြစ်ပေါ်နေဦးမည်ဖြစ်ပြီး အဂတိလိုက်စားမှုများသည်လည်း ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေမည် ဖြစ်သည်။ ဤသည်ကပင် အကျင့်ပျက်ခြစားမှုများ၏ ဇာစ်မြစ်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယိုပေါက်တစ်ခုဖြစ်သည်။

**အဂတိလိုက်စားမှုဟူသည်**

အဂတိ၏အဓိပ္ပာယ်ကို နိုင်ငံ၊ ဒေသနှင့် နယ်ပယ်ကိုလိုက်၍ အမျိုးမျိုးဖွင့်ဆိုလေ့ရှိရာ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ ၃(က)(၁)တွင် **“မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကိုပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန် အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန် အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း”**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၊ ပုဒ်မ ၃(က)(၂)တွင်မူ **“မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှု တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင် ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင်ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်း ပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း”** ဟု ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

ဤဖွင့်ဆိုချက်ကို သေချာစေ့ငုဖတ်ရှုမှတ်သားလိုက်နာကြမည်ဆိုလျှင်ပင် အဂတိလိုက်စားမှုကို ရှောင်ကြဉ်ပြီး ဖြစ်ပေလိမ့်မည်။ သို့ရာတွင် **“အင်္ဂလွယ် အရှိက်ခက်”** ဆိုသကဲ့သို့ အပြောလွယ်သလောက် လက်တွေ့တွင် မလွယ်နိုင်သည်ကို သတိပြုရပေမည်။ လူ့သဘာဝအရ မိမိ၏ ကိုယ်ကျိုးစီးပွားနှင့်စပ်ဆိုင်လာသည့်အခါ၊ အခြေအနေပေးလာသည့်အခါမျိုးတွင် အကောင်းအဆိုး၊ ကြောင်းကျိုးနှစ်တန် ဆက်စပ်ဝေဖန်ပိုင်းခြားနိုင်စွမ်း အားနည်းတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ **“လွယ်လျှင် သူကြွယ်တောင် မနေ”** ဟူသော ဆိုရိုးရှိသည် မဟုတ်ပါလား။ တည်ကြည်ဖြောင့်မတ်မှု၊ ဆင်ခြင်တုံတရား၊ သတိတရားဟူသော ချွန်းတို့ဖြင့် အုပ်နိုင်မှသာ အဂတိတရားဟူသည့် ဆင်ရိုင်းကြီးကို ထိန်းချုပ်ပယ်သတ်နိုင်မည်ဖြစ်ပေသည်။

သို့ရာတွင် အဂတိလိုက်စားမှု ပပျောက်ရေးဟူသည်က တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဖြစ်မြောက်နိုင်သည့်အရာ မဟုတ်ပေ။ တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် အစုအဖွဲ့တစ်ခုလုံး၊ ဝန်းကျင်တစ်ခုလုံး၊ တစ်နိုင်ငံလုံး လိုက်နာကျင့်သုံးကြမှသာ ပပျောက်ကင်းစင်နိုင်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International–TI)မှ အဂတိလိုက်စားမှုအညွှန်းကိန်းဖြစ်သည့် Corruption Perceptions Index (CPI) ကို နှစ်စဉ်ထုတ်ပြန်လေ့ရှိရာ ကမ္ဘာ့နိုင်ငံများအနက် ဒိန်းမတ်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် အဂတိလိုက်စားမှုအနည်းဆုံး နိုင်ငံများအဖြစ်ရပ်တည်လျက်ရှိသည်ကို အားကျဖွယ်တွေ့မြင်ရပါသည်။

**အဂတိလိုက်စားမှုနှုန်း မြင့်မားသည့်နိုင်ငံနှင့် နည်းပါးသည့်နိုင်ငံများ၏ သိသာထင်ရှားကွာခြားမှု**

အဂတိလိုက်စားမှုနှုန်းသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်၊ စည်ပင်သာယာဝပြောမှု၊ နေချင်စဖွယ်ဖြစ်မှုတို့နှင့် ပြောင်းပြန်အချိုးကျလျက်ရှိပါသည်။ အဂတိလိုက်စားမှုနည်းပါးသည့် နိုင်ငံအများစုကို ကြည့်လျှင် ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည်ကို တွေ့ရှိရပြီး အဂတိလိုက်စားမှုနှုန်း မြင့်မားသည့်နိုင်ငံများမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများဖြစ်သည်ကို သတိပြုဖွယ် တွေ့မြင်ရပါသည်။ အဂတိလိုက်စားမှု မြင့်မားခြင်းသည် နိုင်ငံ၏ တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အဟန့်အတားဖြစ်စေပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုကို မည်သည့်နိုင်ငံတွင်မဆို လက်သင့်မခံဘဲ ခေတ်အဆက်ဆက် တားဆီးကာကွယ်တိုက်ဖျက်လာခဲ့ကြခြင်းဖြစ်သည်။

**အဂတိလိုက်စားမှုပပျောက်ရေးလှုပ်ရှားမှုများ**

အဂတိလိုက်စားမှုပပျောက်ရေးအတွက် ကမ္ဘာတစ်ဝန်း ကြိုးပမ်းလှုပ်ရှားခဲ့မှု သမိုင်းကြောင်းများအား လေ့လာကြည့်ရာ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့ခေတ်တိုင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊ အဂတိလိုက်စားမှုများကြောင့်နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးတိုးတက်လာစေရန် ရည်မှန်းချက်များဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ခုနှစ်ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

ကော်မရှင်သည် စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့ချိန်အထိ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း နည်းလမ်းသုံးသွယ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို အားရဖွယ်တွေ့မြင်ရပါသည်။ ကျောင်းသားလူငယ်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာရုံးများတွင် အသိပညာပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့ရပါသည်။

**ကြိုတင်ကာကွယ် အဂတိအန္တရာယ်**

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်ကောင်းမွန်မှုရှိသည်မှာ ငြင်းပယ်၍ မရသော အမှန်တရားတစ်ခုဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အသိပညာပေးဆောင်ရွက်မှုသည် အခြေခံအကျဆုံးသော လိုအပ်ချက် ဖြစ်ပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အသိပညာ ပညာပေးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။




တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် အစုအဖွဲ့အဆင့်၊ ယင်းမှ နိုင်ငံလုံးဆိုင်ရာအဆင့်အထိ တစ်ဆင့်ချင်း တက်လှမ်း၍ အဂတိ၏ သဘောသဘာဝ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုး၊ နိုင်ငံသားတာဝန်တို့ကို ကောင်းမွန်စွာ သိရှိနားလည်စေရန်၊ လိုလိုချင်ချင် လိုက်နာဆောင်ရွက်လာကြစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ အမိန့်အာဏာကြောင့် လိုက်နာရခြင်းထက် မိမိတို့၏ ရင်ထဲအသည်းထဲမှ အသိစိတ်ဖြင့် လိုလိုချင်ချင် သိရှိလက်ခံ လိုက်နာဆောင်ရွက်ခြင်းကသာ အမှန် မြဲမြံတည်တံ့မည့်အရာဖြစ်ခြင်းကြောင့် ထိုအသိစိတ်ရရှိအောင် ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ယနေ့လူငယ်၊ နောင်ဝယ် လူကြီးဖြစ်၍ ကျောင်းနေအရွယ်ကလေးများကို အထူးအလေးပေး အသိပညာပေးကြရမည်ဖြစ်သည်။ ငယ်ရွယ်စဉ်မှစ၍ မျိုးချစ်စိတ်၊ တာဝန်သိစိတ်နှင့် စည်းကမ်းလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ပါသည်။

**“စည်းကမ်းသည် အိမ်တွင် စသည်”**ဟု ဆိုရိုးရှိပါသည်။ အိမ်တွင် စည်းကမ်းလိုက်နာတတ်မှသာ ကျောင်းတွင် စည်းကမ်းလိုက်နာသည့် ကျောင်းသားများဖြစ်လာပြီး နောင်တစ်ချိန် ကြီးပြင်းအရွယ်ရောက်လာချိန်တွင်လည်း နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်း၊ ဥပဒေများကို လိုက်နာတတ်သည့် နိုင်ငံသားကောင်းများ ဖြစ်လာမည်ဖြစ်သည်။ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို လိုက်နာတတ်သူသည် အဂတိလိုက်စားမှုကိုလည်း အထူးပြုရှောင်ကြဉ်နေစရာပင်မလိုဘဲ လိုက်နာပြီး ဖြစ်ပေလိမ့်မည်။

**စည်းမျဉ်းဥပဒေသများ၏ အခြားတစ်ဖက်တွင်**

တစ်ဖက်တွင် စည်းကမ်းဥပဒေသများကို လိုက်နာတတ်စေရန် လေ့ကျင့်သင်ကြား ပြုစုပျိုးထောင်ကြရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း လူမှုဘဝအခြေခံလိုအပ်ချက်များ ပြည့်စုံဖူလုံအောင် ဖန်တီးတည်ဆောက်ပေးရန် လိုအပ်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ **“အူမတောင့်မှ သီလစောင့်မည်”** ဟု

*စာမျက်နှာ ၉ သို့*

☆ **တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် အစုအဖွဲ့အဆင့်၊ ယင်းမှ နိုင်ငံလုံးဆိုင်ရာအဆင့်အထိ တစ်ဆင့်ချင်း တက်လှမ်း၍ အဂတိ၏ သဘောသဘာဝ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုး၊ နိုင်ငံသားတာဝန်တို့ကို ကောင်းမွန်စွာ သိရှိနားလည်စေရန်၊ လိုလိုချင်ချင် လိုက်နာဆောင်ရွက်လာကြစေရန် ကြိုးပမ်းကြရမည် ဖြစ်သည်။ အမိန့်အာဏာကြောင့် လိုက်နာရခြင်းထက် မိမိတို့၏ ရင်ထဲအသည်းထဲမှ အသိစိတ်ဖြင့် လိုလိုချင်ချင် သိရှိလက်ခံ လိုက်နာဆောင်ရွက်ခြင်းကသာ အမှန်မြဲမြံတည်တံ့မည့်အရာဖြစ်ခြင်းကြောင့် ထိုအသိစိတ်ရရှိအောင် ပျိုးထောင်ပေးရန်လိုအပ်ပါသည်။ ယနေ့လူငယ်၊ နောင်ဝယ် လူကြီးဖြစ်၍ ကျောင်းနေအရွယ်ကလေးများကို အထူးအလေးပေး အသိပညာပေးကြရမည်ဖြစ်သည်။ ငယ်ရွယ်စဉ်မှစ၍ မျိုးချစ်စိတ်၊ တာဝန်သိစိတ်နှင့် စည်းကမ်းလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ပြုစုပျိုးထောင် ပေးကြရမည်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ ဒုတိယနေ့ တွေ့ဆုံပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။(ယာပုံ)



တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများက ပထမနေ့ ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ရွေးကောက်ပွဲနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာကိစ္စ၊ အထွေထွေ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များအား အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်အပေါ် လေ့လာသုံးသပ်ချက်၊ ညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ အစုအဖွဲ့များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေး သဘောထားစုစည်းရရှိချက်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာများနှင့် ရွေးကောက်ပွဲနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များအပေါ် နိုင်ငံရေးပါတီများ၏ သဘောထားအမြင်များနှင့် အကြံပြု ဆွေးနွေးချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီကိုယ်စား ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)၊ ဦးလှမောင်ရွှေ၊ နိုင်ငံရေးပါတီများကိုယ်စား လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) ဗဟိုကော်မတီဝင် ဒေါ်ခင်စောနွဲ့နှင့် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးနှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် နှစ်ရက်တာကာလ ဆွေးနွေးချက်များက များစွာအထောက်အကူဖြစ်စေပါကြောင်း၊ သတိပြုစေလိုသည့်အချက်မှာ မိမိတို့နိုင်ငံတွင် နေရာတိုင်း၌ တိုင်းရင်းသားလူမျိုးများ ရောနှောနေထိုင်ကြသဖြင့် လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်စနစ်ထက် ဒေသကို အခြေခံသော ဖက်ဒရယ်စနစ်ကို ဦးတည်သင့်ပါကြောင်း၊ တိုင်းရင်းသားအားလုံး အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာစေရန်နှင့် မြန်မာနိုင်ငံသားစိတ်ဓာတ်ကို မွေးမြူကြရန် အရေးကြီးပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက်လည်း အထူးအလေးထား၍ ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏ အကြံပြုချက်များကို အလေးအနက်ထားစဉ်းစား၍ လုံခြုံမှုအပြည့်အဝရရှိရေး၊ လွတ်လပ်၍ တရားမျှတမှုရှိစေရေး၊ ပြည်သူများ၏ မဲပေးခွင့်မဆုံးရှုံးစေရေး ဦးတည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အောင်မြင်စွာ ထည့်သွင်းနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၆**

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့တော်၌ ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အစိုးရချင်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အစည်းအဝေးတွင် မြန်မာနိုင်ငံမှ တင်သွင်းသည့် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ အောင်မြင်စွာ ထည့်သွင်းနိုင်ခဲ့သည်။

ယင်းအစည်းအဝေးသို့ ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီး ဦးကျော်ဇေယျနှင့် မြန်မာကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြန်မာအမြဲတမ်းကိုယ်စားလှယ်က ကျေးဇူးတင်စကားပြောကြားရာတွင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ထည့်သွင်းနိုင်ခြင်းသည် မြန်မာနိုင်ငံရှိ သက်ဆိုင်သူအားလုံးနှင့် လူမှုအသိုက်အဝန်းအားလုံးတို့မှ တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယခင်နှစ်ပေါင်းများစွာ အစဉ်အဆက် လက်ဆင့်ကမ်းလာခဲ့ကြသည့်နည်းတူ နောင်လာနောက်သားတို့အတွက် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် နောင်နှစ်ပေါင်းထောင်ပေါင်းများစွာ ဆက်လက်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုများ ဆက်လက်လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်ရေးအတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီအဖွဲ့ဝင်များ၊ ၂၀၀၃ ခုနှစ် ကွန်ဗင်းရှင်းဆိုင်ရာအတွင်းရေးမှူးနှင့် အတွင်းရေးမှူးရုံးအဖွဲ့၊ အကြံပေးကော်မတီအဖွဲ့များ၏ ပံ့ပိုးကူညီမှုများကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ဆိုရိုးရှိသည် မဟုတ်ပါလား။ နေထိုင်စားသောက်မှုအတွက် အခြေခံလိုအပ်ချက်များ မပြည့်စုံသည့်အခါ၊ ဘဝရှင်သန်ရပ်တည်နိုင်ရန် လိုအပ်ချက်များ များပြားလာသည့်အခါ လူသည် ကျင့်ဝတ်သိက္ခာနှင့် စောင့်စည်းအပ်သောတရားများကို စောင့်ထိန်းလိုက်နာရန် ခက်ခဲလာတတ်သည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ တစ်ဦးတည်းရပ်တည်ချိန်တွင် မပြည့်စုံမှု၊ ခက်ခဲမှုတို့ကို တောင့်ခံရင်ဆိုင်နိုင်စေဦး၊ မိသားစု၊ အဆွယ်အပွားများ ရှိလာချိန်၊ မိမိချစ်ခင်ရသူများကိုပါ မလောက်မငှ၊ မပြည့်မစုံထားရှိလာရသည့်အခါမျိုးတွင် ထိုမပြည့်စုံ မဖူလုံမှုတို့ကို အံတု၍ ရိုးသား၊ ဖြောင့်မတ်တည်ကြည်မှုတို့ကို ဆက်လက်ဖက်တွယ်ထားနိုင်ရန်မှာ လွန်စွာ ခက်ခဲပေလိမ့်မည်ဖြစ်သည်။

ထို့ကြောင့်ပင် ဆင်းရဲသောနိုင်ငံများ၊ ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံများတွင် အကျင့်ပျက်ခြစားမှုနှုန်းနှင့် ဆင်းရဲနွမ်းပါးမှုနှုန်းသည် တိုက်ရိုက်အချိုးကျနေရခြင်းဖြစ်ပေသည်။ ဆင်းရဲနွမ်းပါးမှုသည် အဂတိလိုက်စားမှုကို လက်ယပ်ဖိတ်ခေါ်နိုင်စွမ်းသည့် တွန်းအားအပေးနိုင်ဆုံးသော ရင်းမြစ်များတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။

အဂတိလိုက်စားမှု ပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူအများ၏ စားဝတ်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေခံလိုအပ်ချက်များ ပြည့်စုံကုံလုံစေရေးအတွက် ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန် လိုအပ်လှပါသည်။ အခြေခံလုပ်ခလစာ မြင့်မားလာသည်နှင့်အမျှ နိုင်ငံသားများ၏ လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ပြီး မတော်လောဘဖြင့် ရှင်သန်ရပ်တည်မှုများ နည်းပါးလာစေမည်ဖြစ်ပါသည်။ နိုင်ငံသားတို့၏ လုပ်ခလစာမြင့်မားရေးမှာလည်း နိုင်ငံ့စီးပွားမြင့်မားမှုနှင့် တိုက်ရိုက်အချိုးကျပြန်သည်ဖြစ်ရာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်၊ စည်ပင်သာယာဝပြောရေးတွင် စီးပွားရေးဖွံ့ဖြိုးမှု၊ အဂတိကင်းစင်မှုတို့သည် တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆက်စပ်ဖြစ်ပေါ်နေသောအရာများဖြစ်သဖြင့် တစ်ခုပြီးမှတစ်ခု ဆောင်ရွက်လို၍မရဘဲ တစ်ပြိုင်နက်တည်း တစ်ဆက်တစ်စပ်တည်း ကြိုးပမ်းဆောင်ရွက်ရမည့်အရာများ ဖြစ်ပါသည်။

သို့ရာတွင် ကျွန်မတို့ သတိပြုရမည့် အဓိကအကျဆုံးအချက်မှာ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်တိုင်းတွင် **"ပြောင်းလဲလိုစိတ်ရှိရန်မှာ အခရာ"** ဟူသည့် အချက်ပင်ဖြစ်သည်။ ကျွန်မတို့အားလုံးတွင် ပြုပြင်ပြောင်းလဲလိုစိတ်ရှိရန်လိုသည်။ ကောင်းကျိုးကိုလိုချင်လျှင် ကောင်းသော အလေ့အကျင့်များကို ကျွန်မတို့ကိုယ်တိုင် မွေးမြူကြရမည်ဖြစ်သည်။

### အပြုသဘောဆောင်သော ပြောင်းလဲမှုကို တည်ဆောက်ကြပါစို့

တစ်ဦးချင်းမှ စရပါမည်။ အဂတိတရား ပယ်ရှားနိုင်ဖို့ဆိုလျှင် ကျွန်မတို့ကိုယ်တိုင် ကျွန်မတို့၏ တွေးခေါ်မြော်မြင်မှု အလေ့အထများ (Mind-set) ကိုစပြီး ပြုပြင်ကြရမည်ဖြစ်သည်။ ရလိုမှုတစ်ခုအတွက် ပေးကမ်းသည့်နည်းဖြင့် အလွယ်လမ်းလိုက်တတ်သော အကျင့်ဆိုးကို စတင်ပြုပြင်ကြရပါမည်။ ပေးသူရှိ၍ ယူသူဆိုသည်က ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ပေးသူမရှိလျှင် ယူသူလည်း အလိုလိုပျောက်ကွယ်သွားပေလိမ့်မည်။ တစ်စုံတစ်ခုလိုချင်သည့်အခါ အလွယ်လမ်းလိုက်၍ ပေးကမ်း၊ လာဘ်ထိုးသည့်နည်းဖြင့် ရယူမည့်အစား မိမိလိုချင်သည့်အရာကိုရရှိရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားထုတ်ကြိုးပမ်း၍ နည်းမှန်လမ်းမှန်ဖြင့် ရယူသည့် အလေ့အကျင့်ကို စွဲမြဲစွာ ကျင့်သုံးတတ်ကြဖို့ လိုအပ်ပါသည်။ ကိုယ်တိုင်အားထုတ်ကြိုးပမ်းမှုမှ ရရှိသည့် အသီးအပွင့်ကိုသာ မက်မောတတ်သည့်စိတ်ကို ကျွန်မတို့ မွေးမြူကြရပါမည်။

မသမာသည့်နည်းလမ်းဖြင့် ချမ်းသာကြီးပွားခြင်း၊ မရိုးဖြောင့်သောနည်းလမ်းဖြင့် လိုချင်သည့်အရာကို ရယူတတ်ခြင်းတို့အပေါ် ရှက်ရကောင်းမှန်းသိသော အသိတရားသည် တစ်ဦးတစ်ယောက်ချင်းစီ၏ အသိတရားတွင် သံမှိုစွဲသကဲ့သို့ မြဲမြံခဲ့ပြီဆိုပါလျှင်၊ မိမိ၏ကိုယ်ကျိုးထက် မိမိတိုင်းပြည်၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ငဲ့ကြည့်တတ်သောစိတ်၊ တာဝန်သိစိတ်၊ ဖြောင့်မတ်မှန်ကန်သော ကျင့်ကြံနေထိုင်မှုများဖြင့် ရပ်တည်နေထိုင်တတ်လာကြမည်ဆိုလျှင် ကျွန်မတို့၏ အနာဂတ်တိုင်းပြည်သည် အဂတိပယ်ခွာ၍ သာယာစည်ပင်လိမ့်မည်မှာ မလွဲကေန်ပင်ဖြစ်ပါတော့သည်။ ။

**ရည်ညွှန်းကိုးကားချက်**


- အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ (ပဥ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ)
- https://www.accm.gov.mm/acc/index.php?route=cms/article&article_id=1174
- အဂတိလိုက်စားမှုများသည် နိုင်ငံအတွက် ကြီးမားသည့်အန္တရာယ် (https://www.moi.gov.mm/news/62544)
- https://my.wikipedia.org

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ပါရာဂွေးသမ္မတနိုင်ငံ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် “Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage” အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရေးအတွက် အဓိကပါဝင်ကူညီပံ့ပိုးပေးခဲ့သော ဥက္ကဋ္ဌ ဒေါ်စန္ဒာခင် ဦးဆောင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အား လည်းကောင်း၊ ဝိုင်းဝန်းအားဖြည့်ဆောင်ရွက်ပံ့ပိုးပေးခဲ့ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့၊ ပုဂံမြို့ အာနန္ဒာမြတ်စွာဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ဗိုလ်တထောင်မြို့နယ်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းပုအစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာစီးပွားရေး လုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်(ရန်ကုန်)၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ ဝေဒသုတေသန အဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးစောင့်ရှောက်ရေးအဖွဲ့(ဗဟန်းမြို့နယ်)၊ မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်း၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် အသင်းအဖွဲ့ များ၊ ကူညီပံ့ပိုးသူများအားလုံးတို့အားလည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အတွက် လိုအပ်သည့် သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြော ပံ့ပိုးကူညီဆောင်ရွက်ပေးသော ပြန်ကြားရေးဝန်ကြီး ဌာနနှင့် Living Myanmar Media Group အားလည်းကောင်း၊ အဆိုပြုစာတွဲများတင်သွင်းရာတွင် လိုအပ်သည့် ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပြင်သစ် ဘာသာဌာနအားလည်းကောင်း၊ အဆိုပြုစာတွဲတင်သွင်းရေးအတွက် သတင်းနှင့် နည်းပညာအချက်အလက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှ ယနေ့အထိ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အားလည်းကောင်း ဤစာဖြင့် ဖော်ပြရာတွင် မပါဝင်ခဲ့သောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများအားလုံး တို့ကိုလည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင်ကျေးဇူးဥပကာရတင်ရှိ ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မသန်စွမ်းအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လယ်ဝေး TC-2 အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်နှင့် တာဝန်ရှိသူများ မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘော ပြိုင်ပွဲယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ အမျိုးသားလှံတံပစ် F46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အမျိုးသမီးအလျားခုန် T44/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် အမျိုးသားသံပြားပစ် F64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်းနှင့် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဦးမြင့်နောင်နှင့် ဦးမင်းသိန်းဇံ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ မသန်စွမ်းအမျိုးသား ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင် အားကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေး TC-2 အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ် လှမိုးက အမျိုးသမီး သံပြားပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံက အမျိုးသားသံလုံးပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရောဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က အမျိုးသားအလျားခုန် T46/47 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားသံပြားပစ် F62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသမီး သံလုံးပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အမျိုးသား မီတာ ၄၀၀ T 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရောဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသမီးအလျားခုန် T44/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရောဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့်ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသားသံပြားပစ် F64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသားလှံတံပစ် F46 ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ မသန်စွမ်းရေကူး (အမျိုးသား/အမျိုးသမီး) မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ လိပ်ပြာကူးနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲတို့၏ ဗိုလ်လုပွဲပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ယှဉ်ပြိုင်ကစားကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲယှဉ်ပြိုင်မှုများ အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက မသန်စွမ်းရေကူး အမျိုးသား S9/10 မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အမျိုးသား S6/7 မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသား S9/10 မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဌေးလှိုင်က အမျိုးသား S4/5 မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသား S6/7 မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရောဝတီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမျိုးသမီးညွန့်ပေါင်း

*စာမျက်နှာ ၁၂ သို့*

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဂျာမနီနိုင်ငံ နေဒ့ရိုင်းဝက်စ်ဖာလီးယားပြည်နယ်ဆိုင်ရာ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးမောင်သူရကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လတ်တလော ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာ-ဂျာမနီ နှစ်နိုင်ငံယဉ်ကျေးမှု၊ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် ဂျာမနီနိုင်ငံရောက် မြန်မာနိုင်ငံသားများအကျိုးအတွက် ကူညီစောင့်ရှောက်ပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

S6/10 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား S4/5 မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ အမျိုးသား/အမျိုးသမီးမျက်မမြင် B1၊B2 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို လယ်ဝေး TC-2 အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက အမျိုးသားမျက်မမြင် B1 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အမျိုးသမီးမျက်မမြင် B1 အမြန်ရွှေ့ စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အမျိုးသား မျက်မမြင် B2 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက အမျိုးသမီးမျက်မမြင် B2 အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် မသန်စွမ်း အားကစားပြိုင်ပွဲမှ အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲ တတိယလုပွဲပွဲစဉ်အဖြစ် ပဲခူးတိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ကလည်းကောင်း၊ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ကလည်းကောင်း ဒီဇင်ဘာ ၈ ရက်တွင် လယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်သဖြင့် ပြိုင်ပွဲဝင် အားကစားသမားများ၏ အကြိတ်အနယ် ယှဉ်ပြိုင်နေမှုများကို မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အမျိုးသားမီတာ ၄၀၀ T 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားသံပြားပစ် F62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ငွေဆောင်ကမ်းခြေ၌ လေ့လာလည်ပတ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr. Sholban Kara-Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငွေဆောင်ကမ်းခြေ၌ လေ့လာလည်ပတ် အပန်းဖြေကြပြီး ချစ်သူများကျွန်းသို့ သွားရောက်ကာ ကျွန်း၏ သဘာဝအလှအပများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် ငွေဆောင်မြို့အဝင်၌ ပြုလုပ်သည့် ရုရှား - မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက ဒေသထွက် အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကာ ပုသိမ်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြကြောင်း သိရသည်။ **သတင်းစဉ်**





## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေသည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နောက်ထပ်ငါးနှစ်စီမံကိန်း ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးသို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးကြောင်း အထောက်အထားစာရွက်စာတမ်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံများကို လွှဲပြောင်းပေးအပ်ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။ **(အပေါ်ပုံ)**

အိန္ဒိယ - မြန်မာ နယ်စပ်တစ်လျှောက် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူများအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာကို ၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် စတင်လက်မှတ်ရေးထိုးခဲ့ပြီး ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ စီမံကိန်းလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတားများဆောက်လုပ်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ စွမ်းအင်၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာငါးသန်းနှုန်းဖြင့် ငါးကြိမ်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်းနှုန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် ပဉ္စမအကြိမ် စီမံကိန်းလုပ်ငန်း ၃၈ ခုကို ရာနှုန်းပြည့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား ဒုတိယအကျော့အဖြစ် အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးနှစ်ကာလအတွက် အမေရိကန်ဒေါ်လာ ၂၅ သန်းဖြင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) အသစ်ကို လက်မှတ်ရေးထိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် စက်မှုဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးဌာနမှူးများက သတ်မှတ်နေရာများမှ Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ ရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းပေါင်း ၈၀ ခန့် ပြသနိုင်ရန်နှင့် ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစားပေါင်း ၃၀ ပေးအပ်ချီးမြှင့်ရန် စီစဉ်လျက်ရှိကြောင်း၊ ပြပွဲနှင့်ပြိုင်ပွဲအတွက် လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရန် ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဆက်လက်ဖွဲ့စည်းပြီး တာဝန်များ ခွဲဝေသတ်မှတ်၍ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများက တာဝန်ယူပြီး ချိတ်ဆက်ဆောင်ရွက်ရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲ/ ပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး၌ အမှာစကားပြောကြားစဉ်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နေပြည်တော်ကောင်စီ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ယခင်ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုနေ့အခမ်းအနားမှ အတွေ့အကြုံများနှင့် အကြံပြုချက်များ၊ နေပြည်တော် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်များ လာရောက်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် စက်မှုဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များ ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်ပြီး ပြိုင်ပွဲဝင်အားကစားသမားများအား အောင်နိုင်ရေး အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပိုက်ကျော်ခြင်း အားကစားသမား ၁၃ ဦး၊ ပြေးခုန်ပစ် အားကစားသမား ခြောက်ဦး၊ ဂေါက်သီးရိုက်အားကစားသမား ခုနစ်ဦးတို့အတွက် ထောက်ပံ့ငွေများနှင့် အားကစားသမားတစ်ဦးချင်းစီအား ထောက်ပံ့ငွေ၊ အားကစားဝတ်စုံများနှင့် ဆေးဝါးများကို တာဝန်ရှိသူများထံပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနား တက်ရောက်မည့် ဝန်ထမ်း ၃၃၂ ဦးအတွက် ထောက်ပံ့ငွေများကို အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းနှင့် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းများသို့ ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုယ်စားပြုအားကစားသမားများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်သည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ကိုယ်စားပြုအားကစားသမားများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

**ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်**

ဦးစွာ ဒုတိယဥက္ကဋ္ဌက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို လိုအပ်သည်များမှာကြား၍ အားပေးစကားပြောကြားပြီး အားကစားအသင်းအလိုက် အသင်းခေါင်းဆောင်များနှင့် တာဝန်ရှိသူများကို ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဘော်လီဘော(အမျိုးသား)အသင်းနှင့် ပိုက်ကျော်ခြင်း(အမျိုးသား) အသင်းများ ပါဝင်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၃) နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ရမှတ် (၁၀၁-၆၀) မှတ်၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ရမှတ်(၆၅-၄၄) မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ရမှတ် (၈၂-၅၇) မှတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို ရမှတ် (၈၁-၄၂) မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဘော်လီဘောပြိုင်ပွဲများ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀) နှစ်အောက် ဘော်လီဘောပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ **အမျိုးသားဘော်လီဘော ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ကယားပြည်နယ် အသင်းကို သုံးပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ **အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ် အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ **အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို လေးဂိုး-သုံးဂိုး၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ် အသင်းကို ငါးဂိုး -သုံးဂိုး၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အသက်(၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ် အသင်းနှင့် ရှမ်းပြည်နယ်အသင်း တို့က တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို** ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက် တစ်ဂိုးစီ၊ စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းတို့က တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။



အမျိုးသား (၅၁) ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ ယှဉ်ပြိုင်ကြစဉ်။

**ကြက်တောင်ရိုက်ပြိုင်ပွဲ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ကျင်းပရာ **အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို သုံးပွဲ-နှစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကယားပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ **အမျိုးသမီး ကြက်တောင်ရိုက် ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲ ပြတ်၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၅) နှစ်အောက် အမျိုးသမီးခရစ်ကတ်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ပိုက်ကျော်ခြင်းပြိုင်ပွဲများ**

**ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ **အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ **တတိယနေရာလုပွဲတွင်** မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ **ဗိုလ်လုပွဲစဉ်တွင်** စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုကို ကရင်ပြည်နယ်အသင်းနှင့် တတိယဆုကို မန္တလေးတိုင်းဒေသကြီး အသင်းတို့က ရရှိခဲ့ကြသည်။

**အမျိုးသမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ **တတိယနေရာလုပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ **ဗိုလ်လုပွဲစဉ်တွင်** မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို မွန်ပြည်နယ်အသင်း၊ ဒုတိယဆုကို ရခိုင်ပြည်နယ်အသင်းနှင့် တတိယဆုကို ရန်ကုန်တိုင်းဒေသကြီး အသင်းတို့က ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅) နှစ်အောက် ခရစ်ကတ်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း

*စာမျက်နှာ ၁၅ သို့*



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

*စာမျက်နှာ ၁၄ မှ*

မြားပစ်ကွင်း (၁/၂) ၌ ကျင်းပရာ **အမျိုးသား ခရစ်ကတ်ပြိုင်ပွဲတွင်** ရောဝတီတိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ခုနစ်ယောက်အသာဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ခုနစ်ယောက်အသာဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂၅ မှတ်အသာဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို သုံးယောက်အသာဖြင့် လည်းကောင်း၊ **အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲတွင်** ကရင်ပြည်နယ် အသင်းက မွန်ပြည်နယ်အသင်းကို ခုနှစ်ယောက်အသာဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၈၉ မှတ်အသာဖြင့်လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၅၁ မှတ်အသာဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၇၆ မှတ်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ **အမျိုးသား (၅၁) ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ခန့်ဖြိုးကျော်က မွန်ပြည်နယ်မှ ထွန်းထွန်းအောင်ကို လည်းကောင်း၊ ချင်းပြည်နယ်မှ ရဲရင့်ထွေးက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ လင်းလင်းထွန်းကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှသူရကတနင်္သာရီတိုင်းဒေသကြီးမှ မျိုးဇာနည်ထက်ကို လည်းကောင်း၊ ကရင်ပြည်နယ်မှ စောရွှေဝင်း က ရောဝတီတိုင်းဒေသကြီးမှ ဖြိုးကျော်ကျော်ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ အာကာထက်ဝင်းက မကွေးတိုင်းဒေသကြီးမှ စွမ်းထက်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသား (၅၄) ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင်** ရောဝတီတိုင်းဒေသကြီးမှ စောလင်းအောင်က ရန်ကုန်တိုင်းဒေသကြီးမှ ကျော်စွာဝင်းကို လည်းကောင်း၊ ရှမ်းပြည်နယ်မှ ရှိုင်းငယ်က မွန်ပြည်နယ်မှ အောင်စည်သူကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မှ ကိုကိုထွန်းက ကချင်ပြည်နယ်မှ ဇော်ထွယ်အောင်ကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝင်းထိုက်က ရခိုင်ပြည်နယ်မှ အောင်ထွန်းလွင်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ တူးမောင်က ကရင်ပြည်နယ်မှ ဖြိုးညီညီ ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၀) နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**အမျိုးသားလက်ဝှေ့ပြိုင်ပွဲကျင်းပ**

**အမျိုးသား (၆၃ ဒသမ ၅) ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီးမှ ဘုန်းမြင့်မောင်က ရှမ်းပြည်နယ်မှ ဝေယံနိုင်ကိုလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးမှ လင်းထက်က ရန်ကုန်တိုင်းဒေသကြီးမှ လွှမ်းမိုးအောင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ စိုင်းနောင်က ချင်းပြည်နယ်မှ ဟိန်းထွဋ်အောင်ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောဟဲဒိုစေးက မွန်ပြည်နယ်မှ စောမျိုးသက်ပိုင်ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်မျိုးဟန်က တနင်္သာရီတိုင်းဒေသကြီးမှ သန့်စင်ဝင်းကို လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ရာဇာနေဝင်းက မကွေးတိုင်းဒေသကြီးမှ အာကာထက်မြတ်ကျော်ကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ကီလို (၅၀) တန်း လက်ဝှေ့ပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီးတို့ ယှဉ်ပြိုင်ကြစဉ်။

**အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲကျင်းပ**

**အမျိုးသမီး ကီလို (၅၀) တန်း လက်ဝှေ့ပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ ခိုင်သဇင်ထွန်းက ကရင်ပြည်နယ်မှ အေးမြသီတာဝင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ သဲမြတ်မွန်က ရောဝတီတိုင်းဒေသကြီးမှ သင်းသင်းအောင်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက မွန်ပြည်နယ်မှ လဲ့လဲ့ဖြူကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**မသန်စွမ်း အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို** လယ်ဝေး TC-2 အားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ ရောဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေး**

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းရေး ရွေးကောက်ပွဲများကျင်းပခြင်းအားဖြင့် အာရှနှင့် ကမ္ဘာအတွက် ကောင်းမွန်စေနိုင်သော အကြောင်းတရားများ

၂၀၂၅ အသွင်ကူးပြောင်းရေး ရွေးကောက်ပွဲများကျင်းပရေး ဖြစ်နိုင်ခြေက မြန်မာနိုင်ငံကို တည်ငြိမ်ပြီး သာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ပြောင်းလဲပေးမည့် အလားအလာကောင်းများဖြစ်သည်။

နိုင်ငံတစ်ဝန်း သောင်းကျန်းမှု အရှိန်အဟုန်မြင့်မားနေမှုနှင့် ရင်ဆိုင်နေရသော မြန်မာအစိုးရသည် ချစ်ကြည်သင့်မြတ်သော နိုင်ငံရေးအသွင်ကူးပြောင်းရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲခဲ့သည်။ ဒီမိုကရေစီ အရပ်ဘက်အုပ်ချုပ်ရေးအတွက် လမ်းခင်းပေးသည့်အနေဖြင့် လာမည့်နှစ်တွင် အမျိုးသားရွေးကောက်ပွဲများ ကျင်းပရန်မူအားဖြင့် ဆုံးဖြတ်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အာဏာပိုင်များအား ၎င်း၏အစိုးရသည် လာမည့်နှစ်တွင် ပြည်တွင်းနှင့်နိုင်ငံတကာ၏ စောင့်ကြည့်အကဲခတ်မှုအောက်၌ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပရန် ရည်ရွယ်ထားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရွေးကောက်ပွဲကျင်းပပေးမည့် လှုပ်ရှားမှုကို ကမ္ဘာ့နိုင်ငံများက ကြိုဆိုကြရမည်ဖြစ်သည့် ခိုင်မာသော အကြောင်းတရား သုံးရပ်ရှိနေသည်။

**ပထမ** အကြောင်းတရားအနေဖြင့် မြန်မာနိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ရရှိစေမည့် လူထုဆန္ဒမဲများကို အခြေခံသော ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် ငြိမ်းချမ်းသော မြန်မာနိုင်ငံသည် နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုမှုအသစ်ကိုရရှိလာကာ အရှိန်အဟုန်ဖြင့် တိုးတက်မှုရစေမည့် မောင်းနှင်အား (အင်ဂျင်) ဖြစ်လာနိုင်သည်။

နေပြည်တော်သည် စီးပွားရေးအသွင်ကူးပြောင်းမှုကို ထိန်းကျောင်းရန် ကောင်းမြတ်သောဂုဏ်အင်္ဂါများရှိသောကြောင့် မြန်မာနိုင်ငံသည် လာမည့် အာရှကျား ဖြစ်လာနိုင်သည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ကြွယ်ဝစွာတည်ရှိနေပြီး ၎င်းအရင်းအမြစ်များကို ထိရောက်စွာအသုံးချပါက လျင်မြန်သော စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် အလားအလာရှိသည်။

တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော မြန်မာနိုင်ငံမြောက်ပိုင်း ရှမ်းကုန်းပြင်မြင့်တွင် ငွေ၊ ခဲ၊ သွပ်နှင့် ရွှေ ဓာတ်သတ္တုသိုက်များ အများအပြားတည်ရှိသည်။ ထို့အပြင် ၎င်းဒေသသည် ပတ္တမြားနှင့် နီလာများ ပေါ်များသော ရတနာသိုက်များ တည်ရှိခြင်းကြောင့် ကျော်ကြားပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ထင်ရှားသောနေရာဖြစ်သည့် မိုးကုတ်မြို့တွင် ကျယ်ကျယ်ပြန့်ပြန့် တူးဖော်လျက်ရှိသည်။ သံဖြူနှင့် အဖြိုက်နက်သိုက်များကို ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော တောင်တန်းဇုန်ဖြစ်သည့် တနင်္သာရီဒေသတွင် တွေ့ရှိနိုင်သည်။

၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ ကြေးနီတူးဖော်မှုသည် မန္တလေးမြို့အနောက်မြောက်ဘက် ၁၃၆ ကီလိုမီတာအကွာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကြီးဆုံးမြို့ဖြစ်ပြီး ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းတွင်ရှိသော မုံရွာဒေသတွင် တိုးချဲ့ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ကချင်ပြည်နယ်သည် ကျောက်စိမ်းသိုက် အမြောက်အမြားတည်ရှိခြင်းကြောင့် ကမ္ဘာ့မြေပုံပေါ်တွင် ထင်ရှားသော အမှတ်အသားရှိသည်။ မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့သိုက် ကုဗပေ ၁၈ ထရီလီယံနှင့် ယှဉ်တွဲလျက် ရေနံသိုက် စည်ပေါင်း ၃ ဒသမ ၂ ဘီလီယံတည်ရှိနေပြီး အာရှ၏ စွမ်းအင်ပိုင်နိုင်ငံလည်းဖြစ်သည်။ စွမ်းအင်သိုက်အများစုကို ကမ်းလွန်ပင်လယ်ပြင်တွင် တွေ့ရှိနိုင်သော်လည်း မြန်မာနိုင်ငံ မကွေးတိုင်းအတွင်းတွင်လည်း ကုန်းတွင်းရေနံမြေအချို့မှ ထုတ်လုပ်လျက်ရှိသည်။ စုစုပေါင်း နိုင်ငံ့ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကို ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းက ကြီးကြီးမားမား ဖြည့်ဆည်းပေးသည်။

ကမ္ဘာပေါ်တွင် သတ္တမမြောက် ဆန်အများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အာရှတွင်အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**ဒုတိယ** အကြောင်းတရားအနေဖြင့် အောင်မြင်သော အသွင်ကူးပြောင်းရေး ရွေးကောက်ပွဲများသည် အာရှတစ်လွှား ဒေသဆိုင်ရာ သာယာဝပြောမှုကို ဖြစ်ပေါ်စေနိုင်သည်။ အဓိကအချက်မှာ မြန်မာနိုင်ငံသည် ကြွယ်ဝသော သဘာဝအရင်းအမြစ်များနှင့် အလုပ်လုပ်နိုင်သော ငယ်ရွယ်သူလူဦးရေရှိသည့်အပြင် ထူးခြားသော ပထဝီဝင် စီးပွားရေးတည်နေရာအရ ဖြစ်သည်။ မြန်မာနိုင်ငံသည် အာရှနိုင်ငံကြီးနှစ်နိုင်ငံနှင့် ဘုံနယ်နိမိတ်ကို မျှဝေပိုင်ဆိုင်ခြင်းဖြင့် အိန္ဒိယနှင့် တရုတ်တို့အကြား ပေါင်းကူးတံတားတစ်ခု ဖြစ်နိုင်သည်။

မြန်မာနိုင်ငံသည် မြောက်ဘက်တွင် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး အရှိန်အဟုန်တိုးတက်နေစဉ်မှာပင် နေပြည်တော်ရှိ အစိုးရသည် တောင်ပိုင်းတွင် အိန္ဒိယနှင့် အထူးခိုင်မာသောဆက်ဆံရေးကို တည်ဆောက်ရန် ဆုံးဖြတ်ထားသည်။ ဝန်ကြီးချုပ် နာရန်ဒြာမိုဒီနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် အောက်တိုဘာ ၂၃ ရက်က ကာဇန်၌ ကျင်းပသော BRICS ထိပ်သီးအစည်းအဝေးကာလတွင် သီးသန့်တွေ့ဆုံပြီးနောက် အိန္ဒိယနှင့် တရုတ်အကြားဆက်ဆံရေး တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာကာ တရုတ်၊ မြန်မာနှင့် အိန္ဒိယတို့ကို အပြန်အလှန်ချိတ်ဆက်ပေးသည့် အကျိုးရှိသော မိတ်ဖက်အဖွဲ့အစည်းတစ်ခု ထူထောင်ရန် အနာဂတ်တွင် အခွင့်အလမ်းတစ်ခု ပေါ်ပေါက်လာနိုင်သည်။

သုံးပွင့်ဆိုင်နိုင်ငံအုပ်စုအစီအစဉ်တစ်ရပ်ကို ချမှတ်နိုင်မည်ဆိုပါက အိန္ဒိယ၊ မြန်မာနှင့် တရုတ်တို့ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ခြင်းသည် ပထမဆုံးသာဓကမဟုတ်ဘဲ နောက်ထပ်ပေါ်ထွက်လာမည့် သာဓကအသစ် ဖြစ်ပေမည်။ သုံးပွင့်ဆိုင် နိုင်ငံအုပ်စုသည် မြန်မာနိုင်ငံကမ်းလွန် "ရွှေ" သဘာဝဓာတ်ငွေ့တွင်း၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

တရုတ်နိုင်ငံ၏ **"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" " Belt and Road Initiative(BRI)"** မစတင်မီမှာပင် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (BCIM) စင်္ကြံတည်ဆောက်ရန် အစီအစဉ်များကို ထည့်သွင်းစဉ်းစားနေခဲ့ပြီးဖြစ်သည်။ တရုတ်- ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC) သည် လွတ်လပ်ရေးရစဉ်အတွင်း အိန္ဒိယသို့ဝင်ရောက်ခဲ့သော မခွဲမခြား ကက်ရှ်မီးယားနယ်မြေကို ဖြတ်သန်းသည်။ BRI ၏ တစ်စိတ်တစ်ပိုင်းအဖြစ် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC) ကို တရုတ်ကအဆိုပြုပြီးနောက် တရုတ်နိုင်ငံရှိ ကူမင်းအား အိန္ဒိယရှိ ကိုလ်ကတ္တားနှင့် ချိတ်ဆက်ရန် ဒီဇိုင်းထုတ်ထားသည့် BCIM စီးပွားရေးစင်္ကြံကို အိန္ဒိယ၏စိတ်ဝင်စားမှု လျော့နည်းသွားသည်။

ယင်းအနေအထားတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) ကို တရုတ်နိုင်ငံက ရှေ့ဆက်ခဲ့သည်။ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော မငြိမ်မသက်မှုများကြောင့် စိန်ခေါ်မှုများ ရှိလာသော်လည်း အစီအစဉ်ကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

သို့ရာတွင် အနာဂတ်ကာလ အိန္ဒိယနှင့် တရုတ်အကြား ဆက်ဆံရေးတိုးတက်လာမည်ဆိုပါက အိန္ဒိယအထိ CMEC တိုးချဲ့မှုကို ထည့်သွင်းစဉ်းစားလာမည်မှာ သဘာဝကျပေလိမ့်မည်။ ထိုသို့သော ဆောင်ရွက်မှုသည် အထူးစီးပွားရေးဇုန်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အချာကျသော နေရာများ၊ မြို့ပြအသွင်ကူးပြောင်းမှု လှိုင်းသစ်များကို မြှင့်တင်ပေးပြီး ကျယ်ပြန့်သောဧရိယာတွင် သာယာဝပြောရေးကို တည်ဆောက်နိုင်ပေလိမ့်မည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှသို့ ဝင်ပေါက်ဖြစ်ပြီး အာရှအဝေးပြေးလမ်းစီမံကိန်း၏ ဗဟိုချက်တွင် တောင်အာရှနှင့် အာဆီယံကိုဆက်သွယ်နိုင်သည့် စင်္ကြံတစ်ခုဖြစ်သည်။ စိတ်ကူးဖြင့် သရုပ်ဖော်ကြည့်ပါက ဟိမဝန္တာရှိ ဘူတန်နှင့် ဗီယက်နမ်၏ ကမ်းရိုးတန်းအချက်အချာဖြစ်သည့် ဒါနန်းမြို့အထိ လမ်းသွယ်တန်းနေကာ ဒေသတွင်းတိုးတက်မှုကို မောင်းနှင်ရန် အခြားအင်ဂျင်တစ်ခု ထပ်မံပေါ်ထွန်းလာမည်ဖြစ်သည်။

**တတိယ** အကြောင်းတရားအနေဖြင့် ရွေးကောက်ပွဲများမှတစ်ဆင့် နိုင်ငံရေးအကူးအပြောင်းအပြီးတွင် မြန်မာနိုင်ငံသည် တိုးတက်ပြောင်းလဲနေသော **"နိုင်ငံစုံ လွှမ်းဆွဲမှု ကမ္ဘာ့အစီအစဉ်"** (Multi-polar world) ကို အားကောင်းလာစေရန်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာနိုင်သည့် အလားအလာရှိသည်။ ရွေးကောက်ပွဲအပြီးတွင် နိုင်ငံတည်ငြိမ်မှု တိုးတက်လာခြင်းဖြင့် မြန်မာနိုင်ငံသည် အိန္ဒိယ၊ တရုတ်၊ ရုရှား၊ အာဆီယံနှင့် အမေရိကန်တို့ကဲ့သို့ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ချိတ်ဆက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့တောင်ဘက် ဖွံ့ဖြိုးဆဲ သို့မဟုတ် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများအုပ်စု (The Global South) နိုင်ငံများနှင့် လိုက်လျောညီထွေဖြစ်အောင် BRICS-plus အဖွဲ့တွင် မြန်မာနိုင်ငံပါဝင်ရန်လည်း စိတ်ဝင်စားကြောင်း ဖော်ပြခဲ့သည်။ ၎င်းရှုထောင့်သည် အနောက်တိုင်းကြီးစိုးသော ကမ္ဘာလုံးဆိုင်ရာစနစ်အတွက် အခြားရွေးချယ်စရာများကို ရှာဖွေနေသည့် ကမ္ဘာ့တောင်ဘက် ဖွံ့ဖြိုးဆဲ သို့မဟုတ် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများအုပ်စု ( The Global South ) ၏ တူညီသော အမြင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုစရိုက်လက္ခဏာ အစဉ်အလာကြီးမားသည့်နိုင်ငံ၊ သမိုင်းဆိုင်ရာ ဝိသေသလက္ခဏာများရှိသည့်နိုင်ငံဖြစ်သည်။ ရေးအစဉ်အဆက် မိမိ၏ယဉ်ကျေးမှုလက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုထွန်းကားသော အိန္ဒိယ၊ တရုတ်၊ ရုရှားတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းပြည်ပ ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွ မြှင့်တင်နိုင်သည်။ မြန်မာနိုင်ငံသည် အိန္ဒိယ၊ တရုတ်နှင့် ရုရှားတို့ကဲ့သို့သော ကြီးမားသည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့အချက်အချာကျသောနေရာတွင် ရပ်တည်နိုင်သည့် အခွင့်အလမ်းကောင်းကို ရရှိထားသည်။ ၎င်းသည်မှာ အနောက်ဗဟိုပြု ကမ္ဘာလုံးဆိုင်ရာစနစ်၏ လွှမ်းမိုးမှုကိုတွန်းလှန်ရန် ကမ္ဘာ့နိုင်ငံများ၏ ပိုမိုကျယ်ပြန့်လာသော အားထုတ်မှုကို ထင်ဟပ်စေသည်။ ။

**(၃-၁၂-၂၀၂၄ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ဆောင်းပါးရှင် Atul Aneja ၏ Why transitional elections in Myanmar would be good for Asia and the World ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြခြင်း ဖြစ်ပါသည်။)**

**( Atul Aneja သည် အိန္ဒိယနိုင်ငံ၊ နယူးဒေလီအခြေစိုက် မဟာဗျူဟာလေ့လာသုံးသပ်သူဖြစ်ပါသည်)**

◆ မြန်မာနိုင်ငံသည် မြောက်ဘက်တွင် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး အရှိန်အဟုန်တိုးတက်နေစဉ်မှာပင် နေပြည်တော်ရှိ အစိုးရသည် တောင်ပိုင်းတွင် အိန္ဒိယနှင့် အထူးခိုင်မာသောဆက်ဆံရေးကို တည်ဆောက်ရန် ဆုံးဖြတ်ထားသည်။ ဝန်ကြီးချုပ် နာရန်ဒြာ မိုဒီနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် အောက်တိုဘာ ၂၃ ရက်က ကာဇန်၌ကျင်းပသော BRICS ထိပ်သီးအစည်းအဝေးကာလတွင် သီးသန့်တွေ့ဆုံပြီးနောက် အိန္ဒိယနှင့် တရုတ်အကြား ဆက်ဆံရေး တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာကာ တရုတ်၊ မြန်မာနှင့် အိန္ဒိယတို့ကို အပြန်အလှန် ချိတ်ဆက်ပေးသည့် အကျိုးရှိသော မိတ်ဖက်အဖွဲ့အစည်းတစ်ခု ထူထောင်ရန် အနာဂတ်တွင် အခွင့်အလမ်းတစ်ခု ပေါ်ပေါက်လာနိုင်

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် စွမ်းအင်ဝန်ကြီးဌာန အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်း



**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် စွမ်းအင်ဝန်ကြီးဌာနကိုယ်စားပြုအားကစားအဖွဲ့အား အောင်နိုင်ရေး အလံအပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆) ရတနာခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တက်ရောက်၍ အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများပေါ်ထွက်လာစေရန်ရည်ရွယ်သည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မိမိတို့စွမ်းအင်ဝန်ကြီးဌာနမှ ဘောလုံး(ကျား)၊ ဘောလီဘော(ကျား) ၊ဖူဆယ်(ကျား)နှင့်ပိုက်ကျော်ခြင်း(ကျား)အားကစားလေးမျိုးတွင် အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား ၇၁ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါကြောင်း။

ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် ပြိုင်ပွဲအသီးသီးတွင် အောင်မြင်မှုများရယူ၍ စွမ်းအင်ဝန်ကြီးဌာနဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစားသွားကြရန်လိုပါကြောင်း ပြောကြား၍ စွမ်းအင်ဝန်ကြီးဌာန ကိုယ်စားပြုအားကစားအဖွဲ့ဝင်များကိုယ်စား အဖွဲ့ခေါင်းဆောင်အား အောင်နိုင်ရေးအလံအပ်နှင်းပြီး ပြိုင်ပွဲဝင် အားကစားသမားများအတွက် ဖြည့်စွက်အာဟာရနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ကာ အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ တာဝန်ရှိစွမ်းအင်ဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သည့် ထိုင်းခရီးသွားဧည့်သည်များ အမှတ်တရသစ်ပင်စိုက်ပျိုး၊ ဝန်ကြီးဌာနအားကစားအသင်း အောင်နိုင်ရေးအလံ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များ အမှတ်တရ သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyi-taw Hotel ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသား ခရီးသွား ဧည့်သည်များကို ဝန်ကြီးဌာန၏ ကျောက်စိမ်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များ ပိုမိုလာရောက် လည်ပတ်စေရေးအတွက် ဝန်ကြီးဌာန၏ website နှင့် web portal တို့တွင် ထိုင်းဘာသာစကားဖြင့် ရေးသားထားသည့် ခရီးသွားကဏ္ဍအချက်အလက်များကို လွှင့်တင်ထားရှိခြင်း၊ ထိုင်းနိုင်ငံတွင် ကျင်းပသည့် ခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) များ ခေါ်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုခရီးစဉ်ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးသူများနှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် ဧည့်သည်တော်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံကောင်းများကို မျှဝေပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ခရီးသွားဆွဲဆောင်ရာနေရာများကို ရိုက်ကူးထားသည့် မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေး ဗီဒီယိုကိုပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ထိုင်းခရီးသွားကုမ္ပဏီများ၊ ရုပ်သံလိုင်းမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံသားခရီးသည်များအနက် ကံထူးရှင်အဖြစ်မဲပေါက်သူများကို အမှတ်တရလက်ဆောင်အဖြစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပုံတူဆင်းတုတော်များကို ပေးအပ်ပြီး ထိုင်းခရီးသွား ဧည့်သည်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အားကစားအသင်း အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဝန်ကြီးဌာန အားကစားအသင်းကို ထောက်ပံ့ငွေများ၊ အားဖြည့်အချိုရည်များ၊ ကျန်းမာရေး အထောက်အကူပြုဆေးဝါးများနှင့် အားကစားယှဉ်ပြိုင်မှု အထောက်အပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အောင်နိုင်ရေးအလံအား ဒုတိယအမြဲတမ်းအတွင်းဝန်ကို ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အားကစားယှဉ်ပြိုင်မှု အထောက်အပံ့ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ထိန်ချုံးမြို့တွင် ကျင်းပမည့် ထိန်ချုံးသိပ္ပံပညာရှင်များ ဖိုရမ်ကို တက်ရောက်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိန်ချုံးမြို့သို့ ယမန်နေ့နံနက် ၉ နာရီတွင် ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် (Hengyi) ကုမ္ပဏီသို့သွားရောက်လေ့လာရာ ဒုတိယဒါရိုက်တာချုပ် Mr. Peng An Quang နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များတွင် အဆင့်မြင့် နည်းပညာများအသုံးချမှုကြောင့် လုပ်ငန်းရလဒ်များ တိုးတက်လာပုံ၊ ကုမ္ပဏီ၏ အနာဂတ် မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးသည်။ ဆက်လက်၍ ထိန်ချုံးမြို့၏ အထင်ကရ (Heshun) မြို့ဟောင်းသို့ သွားရောက် လေ့လာကြသည်။




ညနေပိုင်း၌ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H. E Guo Dajin ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပေါက်ဖော်ဆက်ဆံရေး ပိုမိုခိုင်မြဲလျက် သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်နိုင်ရေး၊ ထိန်ချုံးသိပ္ပံပညာရှင်များ ဖိုရမ်ဆိုင်ရာ အစီအစဉ်များ၏ မျှော်မှန်းချက်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ် ဘားအံခရိုင်အတွင်း စားသုံးဆီဖူလုံရေးနှင့် ငါးစားသုံးမှုဖူလုံရေး ငါးမွေးကန်များတိုးချဲ့သွားမည်

**ဘားအံ ဒီဇင်ဘာ ၆**

ဒေသအတွင်း နေ့စဉ်စားသုံးလျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို စွမ်းအားပြည့် လုပ်ကိုင်ထုတ်လုပ်နိုင်ရန်နှင့် ကရင်ပြည်နယ် ဘားအံခရိုင်အတွင်း စားသုံးဆီဖူလုံရေးနှင့် ငါးစားသုံးမှုဖူလုံရေး၊ ငါးမွေးကန်များ တိုးချဲ့သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၄ ရက်က ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘားအံခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးတိုးတက်မှု ကြီးကြပ်ရေး၊ လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄)မှ သိရသည်။

ခရိုင်အတွင်း စားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံစိုက်ပျိုးရန် ဘားအံမြို့နယ်တွင် ဧက ၂၅၀၀ နှင့် လှိုင်းဘွဲ့မြို့နယ်တွင် ဧက ၂၀၀ စိုက်ပျိုးရန် လျာထားပြီး မြို့နယ်အလိုက် နေကြာသီးနှံ တာဝန်ပေးအပ်ပွဲများနှင့် နေကြာစံပြကွက် စိုက်ပျိုးပြိုင်ပွဲကို ဘားအံမြို့နယ် ကော့သံခါကျေးရွာအုပ်စု၌ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါမြို့နယ် နှစ်မြို့နယ်ရှိ ကျေးရွာ ၁၉ ရွာတွင် မျိုးစေ့ထုတ်စိုက်ခင်း ၁၃၂ ဧကရှိထားပြီး နေကြာသီးနှံ၊ မြေပဲသီးနှံနှင့် ပဲတီစိမ်းသီးနှံတို့ကို မျိုးစေ့ထုတ်စိုက်ခင်းများ တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်သည်။ ဒေသအတွင်းငါးစားသုံးမှုဖူလုံရေးအတွက် လှိုင်းဘွဲ့မြို့နယ်ရှိ ငါးမွေးမြူရေးကန် ၃၇ ဒသမ ၅ ဧကအပြင် ထပ်တိုးငါးမွေးမြူရေးကန်များကိုလည်း တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် (၃၇)ကြိမ်မြောက် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲ အတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ စာရေးဆရာ မြင့်စိုး(နတလ)၊ မြဝတီစာပေတိုက်နှင့် ဒလမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသိန်းစီ၊ ဝန်ကြီး ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)-ဒေါ်သိန်း ဆိုင် (စာရေးဆရာမကြီး မမြတ် လေး)တို့အားရည်စူး၍ မြတ်လေးရုံ မိသားစုက ငွေကျပ် လေးသိန်း၊ ဒေါက်တာရီရီလှ(ယုဝတီခင်ဦး) မိသားစု၊ ဦးစိုးတင့် (စိုးတင့်-ရောဝတီ) မိသားစုနှင့် ကပ္ပတိန် မျိုးကျော်ဦး (တောင်ဥက္ကလာပ မြို့နယ်)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးလှမော်မြင့်မောင်-ဒေါ်မော်မော် တင့် မိသားစုက ငွေကျပ် နှစ်သိန်း၊ ရန်ကင်းမြို့နယ် စာရေးဆရာ အသင်းက ငွေကျပ် ၁၅၀၀၀၀၊ သီရိပျံချီ ဗိုလ်ချုပ် စိန်ထွား(ငြိမ်း) (ညိုထွေး)၊ ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း(ငြိမ်း) (ကျော်ဇေယာဟန်)၊ ဦးလှမြင့်ဦး (မောင်သံငြိမ်း)-ဒေါ်အေးအေးမြင့်၊ ဦးအောင်ကြည်



(အောင်ကြည်ညွန့်-တက္ကသိုလ်)-(ဒေါ်ခင်ဖြူဖျူငံ)၊ ဆရာကြီးပီမိုးနင်း အားရည်စူး၍ အမျိုးသားစာပေ ဆုရ ရွှေဒါးမောင်မြင့်ထွန်း(ရွှေဒါး အောင်စာပေ)၊ စာရေးဆရာမကြီး လေးခင် (တော်ဝင်ပန်း)၊ စာရေး ဆရာမ မေ(ပြင်ဦးလွင်)၊ ဦးစောငွေ (မောင်ငွေအိုး)၊ စာရေးဆရာ ညီစေမင်း၊ ဒေါက်တာ မြင့်သန်း ထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာထွန်းမောင် (သွားဆရာ ဝန်)၊ ဒေါ်ခင်တင့်ဝေ (ခင်တင့်ဝေ-မြို့တော်စည်ပင်)၊ သိမ်ဇရပ်မြို့ နယ် စာပေဟောပြောပွဲဖြစ်ရောက် ရေးကော်မတီ၊ ဦးသက်နောင် (ပုလောစိုးနဲ့သာ)-ဒေါ်အေးမိုးသူ၊ ဒေါ်မြမြသန်း(မနှင်းဖွေး)၊ ပြည်မြို့ နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာ ယဉ်ဝေလွင်(ပြည်)၊ လှိုင်မြို့နယ်စာရေးဆရာအသင်း၊ လှည်းကူးမြို့နယ် စာရေးဆရာ အသင်း၊ မင်္ဂလာဒုံမြို့နယ်စာရေး ဆရာအသင်း၊ ဖျာပုံမြို့နယ်စာရေး ဆရာအသင်း၊ ကျောက်တန်းမြို့ နယ် စာရေးဆရာအသင်း၊ အောင် မြေသာစံမြို့နယ် စာရေးဆရာ အသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးဖေသန်း (မဲခေါင်စာပေဆုရ နေမင်းသန်း)က ငွေကျပ် ခြောက် သောင်း၊ ဦးလှတိုး (တိုးထက်)၊ ဒေါက်တာအေးမင်း (ဒေါက်တာ အောင်ထက်-ဆေး၁)၊ ဦးစန်းလွင် (ကပ္ပိယစန်းလွင်)မိသားစု၊ ရွှေ ပြည်သာမြို့နယ် စာရေးဆရာ အသင်း၊ မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၊ ညောင်လေး ပင်မြို့နယ် စာရေးဆရာအသင်း၊ ပေါင်းတည်မြို့နယ် စာရေးဆရာ အသင်း၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင် ဝင်း (ခင်ခင်ဝင့်-ပညာရေး) နှင့် ဒေါ်ခင်သင်း(ပန်းနီနီ) ဗဟန်းမြို့ နယ်တို့က ငွေကျပ် ငါးသောင်းစီ၊ အုတ်တွင်းမြို့နယ် စာရေးဆရာ အသင်း၊ ဦးသိန်းဆွေမြင့် (ဇေယျာ လင်းထွန်း)နှင့် တောင်ကြီးမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် သုံးသောင်းစီ၊ စာရေးဆရာမ မန္တယ်(ကလော)က ငွေကျပ် နှစ်သောင်း၊ စာရေးဆရာမ သဥ္ဇာ လှိုင်(လားရှိုး)က ငွေကျပ် ၁၅၀၀၀၊ စာရေးဆရာ ဗလမင်းထင်က ငွေကျပ် တစ်သောင်း အသီးသီး လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) နှင့် တာဝန်ရှိသူများက လက်ခံ ရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူ ပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်း လမ်း (အလယ်) ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ရှုးသွပ်ဆေးပြား ၆၀၀၀၀ စတင်ဖမ်းဆီးရမိခဲ့ပြီး ၎င်းငှားရမ်းနေထိုင်သည့် ပုသိမ်ကြီးမြို့နယ် အောင်မင်္ဂလာ(၁)ရပ်ကွက်ရှိ နေအိမ်၌ သိုဝှက်ထားသည့် စိတ်ကြွရှုးသွပ်ဆေးပြား ၆၀ ဒသမ ၄ သိန်းကိုလည်းကောင်း၊ မန္တလေးမြို့ ၃၅ လမ်းနှင့် ၅၄ လမ်းထောင့်ရှိ ဟိုတယ်အခန်းတွင် ရောင်းချရန်အသင့်ထားရှိသည့် ဘိန်းဖြူ ၄၄၀ ဂရမ်ကိုလည်းကောင်း အသီးသီးဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလ တန်ဖိုးငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရှုးသွပ်ဆေးပြား ၆၁ သိန်း၊ ဘိန်းဖြူ ၄၄၀ ဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ အောင်ခိုင်မင်း(ခ)ဖိုးလုံး အား CRV မော်တော်ယာဉ် တစ်စီးနှင့်အတူ မန္တလေးမြို့၊ ၅၁ လမ်း၊ ၁၂၃ x ၁၂၄ လမ်းကြား၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ ဈေးမီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ်၌ ဈေးမီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၄ ရက်က လှည်းကူး မြို့မဈေး(မင်္ဂလာ) ခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အမှာစကားပြောကြားပြီး ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ဦးက မီးဘေးလုံခြုံရေးဆိုင်ရာ အသိ ပညာပေး ပြောကြားသည်။

ထို့နောက် ဈေးခန်းမရှေ့ ရန်ကုန်-ပဲခူး လမ်းမပေါ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးယုလွင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် များက လက်တွေ့မီးငြိမ်းသတ် နည်းများကို သရုပ်ပြသခြင်း၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်း သတ်နည်းစနစ်များကို သရုပ် ပြသခြင်း၊ ပိုလန်နိုင်ငံထုတ်မီးငြိမ်း သတ်ယာဉ်နှင့် LUF60 ယာဉ်၏ စက်စွမ်းအား သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

| ၆ - ၁၂ - ၂၀၂၄ | ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် | ညီညီ - စုစည်းသည် |
|---|---|---|

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၆၈၇ | ၅၈၃၉၅၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၁၂၆၈ | ၄၀၅၇၆၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁၅၅ | ၁၂၇၁၀၀၀ |
| FPB | ၁၉၅၀ | ၁၉၅၀ | ၂၈၇ | ၅၅၉၆၅၀ |
| TMH | ၃၀၅၀ | ၃၀၅၀ | ၆၃၅ | ၁၉၃၆၇၅၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၃၂၇ | ၂၂၆၉၆၀၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၂၀၀ | ၃၂၀၀ | ၁၁၄၃ | ၃၆၅၇၆၀၀ |
| MADPL (PLB) | ၃၃၀၀ | ၃၃၀၀ | ၁၀ | ၃၃၀၀၀ |

## မိုးဗြဲမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးဗြဲ မြို့နယ်ရှိ တိုက်ပွဲရှောင်စခန်း တစ်ခုကို လုံခြုံရေးတပ်ဖွဲ့ဝင်များ က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ ကြောင်း သတင်းတု၊ သတင်းမှား များကို တရားမဝင် ပြည်ဖျက်မီဒီ ယာများက ရေးသားဖြန့်ဝေလျက် ရှိသည်။

အဆိုပါသတင်းနှင့်ပတ်သက် ၍ သက်ဆိုင်ရာလုံခြုံရေးတာဝန် ရှိသူတစ်ဦးအား ဆက်သွယ် မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ ဝင်များအနေဖြင့် မိုးဗြဲမြို့နယ် အတွင်း ပြည်သူများ အေးချမ်းစွာ လုပ်ကိုင် နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ပုံမှန်ဆောင်ရွက် လျက်ရှိကြောင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် ရပ်ကွက်/ ကျေးရွာ များသို့ အကြောင်းမဲ့ပစ်ခတ်တိုက် ခိုက်ခြင်းမရှိကြောင်း၊ အကြမ်း ဖက်သမားများကသာ ၎င်းတို့အား




ထောက်ခံအားပေးမှု မရှိသည့် ရပ်ကွက်/ ကျေးရွာများအား အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ နှောင့်ယှက်ပစ်ခတ် ခြင်းများကို လုပ်ဆောင်လျက်ရှိ ကြောင်း၊ ယခုဖြစ်စဉ်သည် အကြမ်း ဖက်သမားများ၏ လုပ်ရပ်အပေါ် ဖုံးကွယ်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ ဝင်များအပေါ် ပြည်သူများ အထင် အမြင် လွဲမှားစေရန်အတွက် အကြမ်းဖက်အားပေး ပြည်ဖျက် မီဒီယာများက သတင်းတု၊ သတင်း အမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တပ်ကုန်းမြို့နယ်၌ မြို့မဈေး မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

**တပ်ကုန်း ဒီဇင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ မြို့မဈေး မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့မဈေး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဟိန်းအောင်ကျော်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရှင်းလင်းပြောကြား သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဒေါက်တာ ခင်မောင် ထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်း အောင်ကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးအတွင်း မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်ခဲ့ပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကာ ဈေးသူ၊ ဈေးသားများက မီးငြိမ်းသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့် ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**




❒ *ကျောဖုံးမှ*

ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် လာအိုနိုင်ငံ၌ လာအိုအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲများကို နှစ်ရက်ခြားတစ်ပွဲ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲ ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး အင်ဒိုနီးရှားအသင်းနှင့် ကစားမည့် အုပ်စုအဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် လလ-၄၆၊ ဦးပိုင်အမှတ် (၄၇)၊ ၆၀(B)x၆၁ကြား၊ ၁၄၀x၁၄၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးငွေလင်းမောင်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၃၁၁၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လွဲ့လွဲ့ကြူ ၁/ဗမန(နိုင်)၀၃၉၂၅၉က အမှုတွဲအမှတ် (၅၃၀၅/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် အ-၁၈၊ ဦးပိုင်အမှတ် ၄၁(ခဲစင်း) ၇၂(စီ)လမ်း၊(၁၁၉x၁၂၀) လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုချို၏ (GP ရရှိသူ ဦးဇော်သက်အောင်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၈၆၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အုန်းမြင့်အောင် (ခ)ဒေါ်ဖြူ ၉/မရတ (နိုင်)၀၉၀၀၁၉က အမှုတွဲအမှတ် (၅၃၀၆/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် -၂ ရပ်ကွက်၊ အကွက်အမှတ် ဆ-၁၁၊ ဦးပိုင်အမှတ် ၂-အရှေ့ဘက်ခြမ်းခဲစင်း၊ ၆၉x၇၀ လမ်းကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်အေး ၉/မရတ(နိုင်)၀၉၃၆၃၇က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဓဓ-၇၊ ဦးပိုင်အမှတ် ၃၄/၅၃လမ်း၊ ၁၀၇x၁၀၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလှဝေ ၉/ပသက(နိုင်)၀၀၃၂၃၉က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် တတ-၈၊ ဦးပိုင်အမှတ် ၅၂ခဲစင်း၊ ၆၀x၆၁ကြား၊ အနော်ရထာနှင့် အောင်ဇေယျလမ်းကြားရှိ ဦးသန်းမောင်အမည်ပေါက် တောဂရန် မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၂၅၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်တင်တင်ထွေး ၉/ပကခ(နိုင်) ၀၅၈၅၉၃က တောဂရန် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ဒေါ်ညွန့်ညွန့်အေးနှင့် အများသိစေရန် ကြော်ငြာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၆)၊ အမှတ်(၇၆/၆၂)၊ အကွက်အမှတ်(၆၂)၊ အကွက်အမည်-ညောင်ပင်သာ၊ မြေကွက်အမှတ် ၇၆၊ ဧရိယာ(၀ဒသမ၁၀၃)ဧက၊ ဂရန်အမှုတွဲအမှတ်(၁၁၇၁/၁၉၉၁)အိမ်မြေဥပစာကို ဂရန်အမည်ပေါက်သူ ဒေါ်ညွန့်ညွန့်အေးထံမှ ဒေါ်မိမိငယ်(ခ) စန်း စန်းညွန့်က (၂၈-၂-၂၀၁၉)ရက်တွင် နှစ်ဦးသဘောတူ အိမ်/ခြံမြေကွက် အ ရောင်းအဝယ်စာချုပ်ချုပ်ဆိုလျက် ဝယ်ယူထားရှိခဲ့ပါသည်။ ယခုအချိန်တွင် ယင်းအိမ်မြေဥပစာနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ညွန့်ညွန့်အေးထံမှ ဒေါ်မိမိငယ်(ခ)စန်းစန်းညွန့်က လွှဲပြောင်းဝယ်ယူထားပြီးဖြစ်သည့် အတွက် ဒေါ် ညွန့်ညွန့်အေးအနေနှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်း ကိစ္စကို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ယင်းအိမ်မြေဥပစာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကလည်း ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ဒေါ်ညွန့်ညွန့်အေး အနေနှင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ခြင်းကိစ္စကို ဆောင်ရွက်ပေးခြင်းမရှိလျှင်သော်လည်းကောင်း၊ အခြားသူများမှကန့်ကွက်မှု တစ်စုံတစ်ရာမရှိလျှင် သော်လည်းကောင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်မိမိငယ်(ခ)စန်းစန်းညွန့်**
**အမှတ်(၇၆/၆၂)၊ အမှတ်(၆)ရပ်ကွက်၊ အေးသာယာမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၃

| | | |
|---|---|---|
| ၁။ ဒေါ်မာမာမြင့် | နှင့် | ၁။ ဦးအောင်သန်း |
| ၂။ ဒေါ်ဝင်းဝင်းနွယ် | | ၂။ ဒေါ်သန်းရီ |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ) ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ် (၁၅)နေ (ယခုနေရပ်လိပ်စာမသိသူများ) ဦးအောင်သန်းပါ-၂ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်တို့မှ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေး)ရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲမင်းထွန်း)
မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာမြို့နယ်တရားရုံး

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၁၉ခုနှစ်၊တရားမကြီးမှုအမှတ်- ၂၅နှင့်ဆက်နွယ်သည့်
## ၂၀၂၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၄

| | | |
|---|---|---|
| ဦးအောင်ဝင်း | နှင့် | ဦးအောင်မျိုးသန့် |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်ဦး) | | |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊(၅)ထပ်ကြီးဘုရား (တောင်) ရပ်ကွက်၊ ဦးဖိုးသာလမ်း၊ အမှတ်(၆၄)ရပ်နေ တရားရှုံး ဦးအောင်မျိုးသန့် (ယခုနေ ရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ၂၆ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထက်ထက်ပိုးဥ)
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ် ၅၉၀/၁၄၊ ဦးပိုင်အမှတ် ၁၄-က (ခဲစင်း)၊ ရန်-မန်းလမ်းနှင့် ရတနာပုံလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သော နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီ (၎င်း၏ကိုယ်စား)အစည်းအဝေးမှတ်တမ်းအရ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ ၁၃/တယန(နိုင်)၀၀၀၃၀၅က အမှုတွဲအမှတ် (၅၂၈၈/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 45W/2459, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဘိုဘိုဆန်း ၁၄/ဟသတ (နိုင်) ၂၃၀၁၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 52W/67216, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငုဝါခိုင် ၁၄/အဂပ(နိုင်)၁၃၈၄၂၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## မကွေးမြို့ မြသလွန်စေတီတော် ရွှေမှိုက်ဈေးပြိုင်လေလံကြော်ငြာ

မကွေးမြို့၊ မြသလွန်စေတီတော်မြတ်ကြီး၊ လုံးတော်ပြည့်၊ ရွှေမှိုက်ထုတ်လုပ်ငန်းဆောင်ရွက်ပြီး ကျန်ရှိသည့် ဖိုမြေ၊ ရေစစ်ကန်သဲစာ၊ ချော်မှိုက်၊ ဘိုင်၊ လုံ၊ ပေါင်းဖိုးနှင့် ဖိုပြာများ မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်လေလံရောင်းချပွဲကို ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃)ရက် (၁၈-၁၂-၂၀၂၄)ရက် မွန်းလွဲ (၁)နာရီတွင် မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးခန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို နေ့စဉ်နံနက် (၉) နာရီမှ ညနေ (၅) နာရီအတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ၊ မကွေးမြို့၊**
**(ဖုန်း - ၀၉-၂၅၆၁၄၄၄၆၅ ၊ ၀၉-၂၅၆၁၄၄၄၆၄ )**

**(၆-၁၂-၂၀၂၄)ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာ၊စာမျက်နှာ- ၂၅ပါ ဒေါ်နုနုလွင်(အထက်တန်းရှေ့နေ)၏ရန်လျှောက်စန်း(ခ) ဒေါ်မေမြင့်မော်နှင့် အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်း၍ အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်မိတ်ဆွေ ရန်လျှောက်စန်း (ခ) ဒေါ်မေမြင့်မော် (၁၃/လရန(နိုင်)၀၆၂၄၉၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာပါသည်။

ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့နယ်၊ တာဝဒုတာကျေးရွာအုပ်စု၊ ကျိုက်ကေမြောက်ကွင်း၊ ကွင်းအမှတ်(၁၁၅၈)၊ ဦးပိုင်အမှတ်-၈ (က)၊ဧရိယာ(၀. ၅၃)ဧက၊ ဦးပိုင်အမှတ်-၉(က)၊ဧရိယာ(၁. ၈၈)ဧက၊မြေအမျိုးအစား-ဥယျာဉ်ခြံမြေ(G)၊ လန(၃၉) မြေအကျယ်အဝန်း(ပေ၁၀၀xပေ၁၀၀)မြေနှင့်ယင်းမြေကွက်များပေါ်ရှိအကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လူကြီးမင်းတို့က ကျွန်ုပ်မိတ်ဆွေကို အရောင်းအဝယ်ပြုလုပ်ပါမည်ဟု ကမ်းလှမ်းချက်အရ ကျွန်ုပ်မိတ်ဆွေကလည်း ကာလတန်ဘိုးနှင့်အညီဝယ်ယူရန် သဘောတူညီခဲ့ပြီး၊ ဦးအောင်ကိုကို (၁၀/မလမ(နိုင်) ၁၈၇၀၈၄)၊ ဒေါ်နှင်းအိဖြူ (၁၀/မလမ(နိုင်)၁၈၇၀၈၃)၊ ဒေါ်သဲအိဖြူ (၁၀/မလမ (နိုင်) ၂၃၂၅၄၀)တို့နှင့်ကျွန်ုပ်မိတ်ဆွေတို့သည်(၂၇-၁၂-၂၀၂၃)ရက်နေ့၌ ကျွန်ုပ်၏ရှေ့မှောက်တွင်အသိသက်သေများလက်မှတ်ရေးထိုးပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ငွေပေးချေသည်ကို လူကြီးမင်းတို့ လက်ခံရယူခဲ့ပါသည်။ လူကြီးမင်းတို့ ပေးချေရန်ရှိသည့် ငွေကြေးအကြောင်းရင်းနှင့် မပတ်သက်ပါ။ ဟန်ဆောင်စာချုပ် ချုပ်ဆိုခဲ့ခြင်းလည်းမရှိပါ။ ကာလတန်ဖိုးနှင့်အညီ အရောင်းအဝယ်ပြုလုပ်ချုပ်ဆို၍ လူကြီးမင်းတို့ ကိုယ်တိုင်ပင် အထက်ဖော်ပြပါ မြေကွက်များနှင့် အကျိုးခံစားခွင့်တို့ကို လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့၍ ကျွန်ုပ်မိတ်ဆွေက လက်ဝယ် ပိုင်ဆိုင်ခဲ့ခြင်းသာဖြစ်ပါသည်။

လူကြီးမင်းတို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်မူရင်းပုံစံ(၇)၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်ပုံစံ(၁၀၅) (၁၀၆)နှင့် သက်ဆိုင်ရာကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရှေ့မှောက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုပေးပါမည်ဟု ကတိပြုခဲ့သော်လည်း လူကြီးမင်းတို့က ဆက်လက်ဆောင်ရွက်ပေးခြင်း မပြုတော့ဘဲ၊ လူကြီးမင်းတို့က ပုံစံ(၇)လျှောက်ထားခြင်းကို ပယ်ဖျက်ခဲ့ပြီးကြောင်း၊ ကျွန်ုပ်မိတ်ဆွေထံအကြောင်းကြားခဲ့၍ ကျွန်ုပ်မိတ်ဆွေက အမည်ပေါက် လျှောက်ထားရန်အသိပေးခဲ့သည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အမည်ပေါက်ပြောင်းလဲခြင်း ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေက မိမိပိုင်ဆိုင်မှုအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ရန်လျှောက်စန်း(ခ)ဒေါ်မေမြင့်မော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းညွန့် (LL,B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၂၇)**
၃၆၅၊ပထပ်၊မဟာဗန္ဓုလလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၉ ၅၅၀၆၁၅၇၊ ၀၉၇၈၅၅၀၆၁၅၇

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ မြို့သစ်ရပ်ကွက်၊ ၆၄၆-ခ ဘောလုံးကွင်းရပ်၊ ဦးပိုင်အမှတ်(၈ဃ+၈၉က)၊ ဧရိယာ(၀.၆၇၀) ဧကအနက်မှ(၀.၅၄၆) ဧကရှိဘိုးဘပိုင်မြေအား ဒေါ်ဇင်မာခတ်မှ အမည်ပြောင်းလျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းကြေညာပါသည်။

**ဒေါ်ဇင်မာခတ်(ဖုန်း-၀၉၇၇၅၀၈၉၃၄၈)**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဘော်မြင့်ကျေးရွာအုပ်စု၊ ကျွဲခြံကျေးရွာနေ (ဘ) ဦးသူရကျော်၏သားဖြစ်သူ မောင်သူရိန်ထွန်း ၈/ဆပဝ(နိုင်) ၁၀၃၉၀၇၏ နိုင်ငံကူးလက်မှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၆၅၅၇၂၇၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မှော်ဘီမြို့နယ်၊ အထက(၁)မှ ဒေါ်မြင့်မြင့်အေး (ဒု-လယ်ပြ) ၏ ဖခင် ဦးစောသိန်းနှင့် ဦးချောင်ဒရီမှာ တစ်ဦးတည်းဖြစ်၍ မိခင် ဒေါ်ထွေးသန့်နှင့် ဒေါ်ထွေးရီမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမက(ပြည်လမ်း) တတိယတန်း G-3မှ ဦးထက်ရန်လင်း၏ သမီး မအိမ့်ရတနာကျော်မှ မအိမြတ်သံစဉ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိမြတ်သံစဉ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ် ၇၆၁၊ ဦးပိုင်အမှတ် ၄-ခ (ခဲစင်း)၊ ၃၂လမ်း၊ ၆၇x၆၈ လမ်းကြားရှိ ဦးရဲဝင်းထွဋ်၊ ဦးထက်လင်းထွဋ် အမည်ပေါက် ဂရန်မြေကွက်အား ဦးထက်လင်းထွဋ်ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၆၇၃/၂၀၁၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးရဲဝင်းထွဋ် ၉/အမဇ(နိုင်)၀၀၄၂၇၅၊ ၎င်း၏ (GPရရှိသူ ဦးဝင်းမြင့်)က ၎င်း၏ ဦးရဲဝင်းထွဋ်ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၆၇၃/၂၀၁၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးထက်လင်းထွဋ် ၉/ခအဇ(နိုင်)၀၃၀၅၄၆၊ ၎င်း၏ (SP ရရှိသူ ဒေါ်ယမင်းသိန်း)တို့ကလည်းကောင်း အမှုတွဲအမှတ် (၅၂၂၅/၂၀၂၄-၂၀၂၅) ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံ မြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၅၄၊ ဦးပိုင်အမှတ်(၉၇-ခ)၊ ၈၉(B)လမ်း၊ ၂၉x၃၀လမ်းကြားရှိ ဦးသန်းမြင့် အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးသန်းမြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၅၆၂/၂၀၁၇)ဖြင့် အမွေဆက်ခံခဲ့သော၊ ဇနီးဖြစ်သူ ၊ ဒေါ်တင်မြိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၁၈၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဆွေမာမြင့် ၉/မနတ(နိုင်) ၀၄၆၉၆၆၊ ဒေါ်ချိုမာမြင့် ၉/ခအဇ(နိုင်)၀၀၃၂၃၅၊ ဒေါ်တင်တင်ဝင်း ၉/ခအဇ(နိုင်) ၀၁၀၈၃၈၊ ဦးစန်းယုအောင် ၉/ခအဇ(နိုင်) ၀၂၆၇၈၃ တို့က အမှုတွဲအမှတ် (၅၂၂၇/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် အပိုင်း(၉)၊ ဦးပိုင်အမှတ်(၂၀)၊ ၆၉လမ်း၊ ၄၀x၄၁လမ်းကြားရှိ ဦးမောင်မောင်ရွှေ၊ ဦးမောင်မောင်ခ(ခ)မောင်မောင်အေး အမည်ပေါက်ဂရန်မြေကွက်အား ၎င်းတို့နှစ်ဦးအနက် ဦးမောင်မောင်ခ(ခ)မောင်မောင်အေးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၄၁၆/၂၀၁၇)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သော ဦးမောင်မောင်ရွှေ ၁၃/တကန(နိုင်) ၁၁၈၂၅၁ က အမှုတွဲအမှတ် (၅၂၃၇/၂၀၂၄-၂၀၂၅ )ဖြင့် သက်တမ်းတိုး ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၀၈)ဧကရှိ ဒေါ်ယဉ်ယဉ်ထွေး ၁၂/ဒပန(နိုင်)၀၄၁၄၈၂(ဘ)ဦးထွန်းရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၃၄၄၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်( ၁၅၄၄/၂၀၂၃(၆-၆-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်လတ်လတ်ဝေ ၇/ပခန(နိုင်) ၁၈၂၇၅၀ (ဘ) ဦးတင်ထွန်း(ခ)ညီညီထွေးမှ ဒေါ်ဖြိုးဖြိုးဝေ ၁၂/ပဇတ(နိုင်)၀၀၁၆၈၉နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်ခင်သက်တင် ၁၂/ဥကတ(နိုင်)၀၂၈၂၃၃(ဘ)ဦးခင်မောင်ဖူး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၄၆၉၁)ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်( ၁၆၈၄၃/၂၀၂၃(၁၅-၈-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်လတ်လတ်ဝေ ၇/ပခန(နိုင်)၁၈၂၇၅၀(ဘ) ဦးတင်ထွန်း(ခ)ညီညီထွေးမှ ဒေါ်ဖြိုးဖြိုးဝေ ၁၂/ပဇတ(နိုင်)၀၀၁၆၈၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရား ဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည် တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၈၂)ဧကရှိ ဦးလှဝေ ၉/ပမန(နိုင်)၀၇၉၃၁၈(ဘ)ဦးချစ်ပို အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၄၇၈၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၈၃/၂၀၂၃(၄-၈-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်နိုင်လွင် ၉/ခမစ(နိုင်)၀၄၇၂၆၇(ဘ) ဦးမြင့်လွင်မှ ဦးစည်သူလွင် ၉/ခမစ(နိုင်)၀၄၅၄၂၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရား ဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/7560 , Hino 300, Van (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပြည့်ဖြိုး ၁၂/အစန(နိုင်) ၁၈၃၂၈၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွှာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/60463 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၁၂/ခရန(နိုင်)၁၁၀၉၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/9127 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇင်ဖူး ၇/ဝမန(နိုင်)၁၁၀၅၇၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/8837 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဓမ္မရောင်ခြည်လမ်းနှင့် သဲလမ်းထောင့်၊ အကွက်အမှတ် (၂၇၊ ကျိုက်ဖောခိတောင်ကွက်)၊ ဦးပိုင်အမှတ် (၃၇၊ ၄၀/က^၁)ဟု ခေါ်တွင်သော ဧရိယာ (၀.၁၄၃)ဧကအကျယ်ရှိ ဦးဘိုးကြာ-ပါ (၅) အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ဒေါ်နီ (ဘ) DG HUTTON (၁၂/ဥကတ(နိုင်) ၀၅၈၀၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသန်းထိုက်(ခ) ဦးဂျိုးဇက်(ဘ)ဦးစိန်ဝင်း (၁၂/သလန(နိုင်)၀၈၉၀၂၉)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို ဝယ်သူထံ အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည် (LL.B, D.B.L) (စဉ်-၁၄၆၆၈)** | **ဒေါ်ခင်သီတာမြင့်အောင် (LL.B)** |
| **ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်** | **(စဉ်-၅၂၀၆၄)** |
| **(LL.B) (စဉ်-၁၈၇၂၆)** | **အထက်တန်းရှေ့နေ** |

**တရားလွှတ်တော်ရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၄၇)တွင် တည်ရှိသော(၂၅ ပေx၁၂၅ပေ) မြေပေါ်တွင် ဆောက်လုပ်ထားသော(၁၂.၅ ပေ x ၅၀ပေ)အကျယ်ရှိ (၃) ထပ်ခွဲတိုက် (၂)လုံးအနက်မှ အနောက်ဘက်တိုက်၏ ပထမထပ်၊ ခြေရင်းခြမ်းရှိ (၁၂.၅ပေx ၅၀ပေ)ခန့်ရှိ တိုက်ခန်း တစ်ခန်းအပါအဝင် ယင်းတိုက် ခန်းနှင့်စပ်ဆိုင်သော ရေမီးစုံပါ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်လဲ့လဲ့ခင်စိုး ၁၂/အစန(နိုင်)၁၈၅၂၈၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်ပိုင်စိုး ၁၂/ဥကမ(နိုင်)၂၅၂၁၈၁က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်သက်ဦး (LL.B., DBL, DIR)** | **ဦးခွန်သန်းဆောင်** |
| **GCIP (DL-101/2014) Switzerland** | **LL.B., Master of International Law** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၇၈)** | **အထက်တန်းရှေ့နေ (စဉ်-၄၅၄၆၆)** |

**အမှတ်(၃)၊ မြေညီထပ်၊ မင်းညွန့်လမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၁၈၈၁၂၊ ၀၉-၇၈၄၁၁၁၉၉၂**

## မိဘအမည်မှန်

ဖျာပုံမြို့၊ TTA ကိုယ်ပိုင်အထက်တန်းကျောင်း Grade (12)မှ မောင်လင်းသက်ကျော်နှင့် Grade (8)မှ မလင်းနဒီကျော်တို့၏ မိဘအမည်မှန်မှာ ဦးမော်ဂန်း (၁၀/ပမန(နိုင်)၁၃၄၆၅၉)နှင့် ဒေါ်ပွန်ကရာတီ (၁၄/ဖပန(ပြု)၀၀၀၁၉၃) ဖြစ်ပါကြောင်း။

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်းမကြီး၊ (၁၃) ရပ်ကွက်၊ ရတနာအိမ်ရာ၊ (၅-လွှာ)၊ အခန်း (၆၀၆)၊ အမှတ်(B-6)ရှိ MYANMAR WPG CO.,LTD ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၅၈၅၄၁၀၂)မှ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၁/၁၂)နေ ဦးစည်သူထွန်း(ဘ)ဦးကျော်ဆန်းခိုင် ၁၂/ဥကတ(နိုင်)၁၃၉၈၈၃အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌(၁-၁၁-၂၀၂၃)ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၂၄၆/၂၀၂၃)ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**[ကုမ္ပဏီ၏ကိုယ်စား (၅-၁၂-၂၀၂၄)ရက်နေ့**
**အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ ဒါရိုက်တာ**
**ဦးအောင်ကျော်(၁၂/ရကန(နိုင်)၀၅၀၈၅၅) ကိုင်ဆောင်သူမှ**
**လက်မှတ်ရေးထိုးပါသည်]**
**Ph:-09-2500 53690**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

မိုးကောင်းမြို့၊ အရှေ့ရပ်၊ အကွက်အမှတ် (၃)၊ အကွက်အမည်-အရှေ့ရပ်၊ ဦးပိုင်အမှတ် (၃၂)ဧရိယာ(၀.၀၃၇)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်(၃၀) |
| (ခ) | အနောက်လားသော် | - | လမ်း |
| (ဂ) | တောင်လားသော် | - | လမ်း |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်(၃၃) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် မိုးကောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့(ကိုယ်စား) ဗိုလ်ကြီးကျော်လွင်ထွန်း(ငြိမ်း)မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ (၁ ) ရက်နေ့ မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မိုးကောင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**မိုးကောင်းမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၄၊ မြေကွက်အမှတ် ၁၆၉၂၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေကွက်တည်နေရာအမှတ် ၁၆၉၂၊ သမာဓိလမ်း၊ (၄) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးမျိုးညွန့် ၁၂/လမတ(နိုင်)၀၂၁၀၃၄၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမျိုးညွန့် ၁၂/လမတ (နိုင်)၀၂၁၀၃၄(ခင်ပွန်း)သည် ၁-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်တင်တင်မြင့် ၁၂/လသန(နိုင်)၀၁၁၂၃၃မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားဇနီးမယားတစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ၎င်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ စင်ကာပူနိုင်ငံ သေစာရင်း၊ စင်ကာပူနိုင်ငံ MOUNT ELIZABETH NOVENA HOSPITAL၌ သေဆုံးကြောင်း စင်ကာပူနိုင်ငံ မြန်မာသံရုံး၏ထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၄၊ မြေကွက်အမှတ် ၁၆၉၅၊ ဧရိယာ(၀.၀၆)ဧက၊ မြေကွက်တည်နေရာအမှတ် ၁၆၉၅၊ သမာဓိလမ်း၊ (၄) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးမျိုးညွန့် (၁၂/လမတ(နိုင်)၀၂၁၀၃၄)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမျိုးညွန့် ၁၂/လမတ (နိုင်)၀၂၁၀၃၄(ခင်ပွန်း)သည် ၁-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်တင်တင်မြင့် ၁၂/လသန(နိုင်)၀၁၁၂၃၃မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားဇနီးမယားတစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ၎င်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ စင်ကာပူနိုင်ငံ သေစာရင်း၊ စင်ကာပူနိုင်ငံ MOUNT ELIZABETH NOVENA HOSPITAL၌ သေဆုံးကြောင်း စင်ကာပူနိုင်ငံ မြန်မာသံရုံး၏ထောက်ခံချက်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စ)၊ မြေကွက်အမှတ်-၄၁၅(က)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ (၂၀x၆၀)ပေ အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၌ (ဘ)ဦးလှမြင့်၏ သမီးများဖြစ်ကြသော ဒေါ်စန္ဒာမြင့် (၁၂/ဥကတ (နိုင်)၁၅၃၀၂၉)နှင့် ဒေါ်သန္တာမြင့် (၁၂/ဥကတ(နိုင်)၁၅၃၀၃၀)တို့ (၂)ဦး၏ အမည်ဖြင့် မှတ်သားထားရှိပါသည်။ အဆိုပါ အမည်ပေါက်ပိုင်ရှင်(၂)ဦးတို့က ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီဝမ်းလှိုင်အောင် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၁၇)**
**တိုက်(၄)၊ အခန်း(၂၀၄)၊ ပုလဲမွန်အိမ်ရာ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၂၀၂၂၃၈၈၈**

## မနှင်းမို့မို့ထက်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဆာပါချောင်ကျောင်းစုရပ်ကွက်၊ ဒါနသုခလမ်း၊ အမှတ်(၂၅၇)နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးစိုးရာဇာ (၁၂/ဒလန(နိုင်) ၀၉၅၂၆၅)၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်နှင်းမို့မို့ထက် သိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့မှာ (၂၀၂၁)ခုနှစ်တွင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ နှစ်ဖက်မိဘလူကြီးများရှေ့မှောက်တွင် မင်္ဂလာအခမ်းအနားပြုလုပ်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သမီးတစ်ဦး မွေးဖွားခဲ့ပါသည်။ ထို့နောက် (၃-၁၂-၂၀၂၃) ရက်နေ့တွင် လူကြီးမင်း၏မိဘများရှိရာ ပြည်မြို့သို့ လူကြီးမင်းတို့ သွားရောက်ခဲ့ပြီး (၄-၁၂-၂၀၂၄)နေ့တွင် လူကြီးမင်း တို့မှာ ဒလမြို့နယ်၏နေအိမ်သို့ပြန်လာခြင်းမရှိဘဲ ကျွန်ုပ်အမှုသည်အား အဆက်အသွယ်ဖြတ်တောက်၍ အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားခဲ့သည်ဟု သိရှိရပါသည်။ ကျွန်ုပ်အမှုသည်က အမျိုးမျိုးဆက်သွယ်၍ လိုက်လံရှာဖွေသော်လည်း အဆက်အသွယ်မရရှိခဲ့ပါ။ လူကြီးမင်းသည် ကျွန်ုပ်အမှုသည်နှင့် ပေါင်းသင်းနေထိုင် သည့် ဒလမြို့နယ်ရှိနေအိမ်သို့ လူကြီးမင်းမှ ပြန်လာခြင်းမရှိသည်မှာ (၁)နှစ်တိတိပြည့်မြောက်ခဲ့သည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းသည်(၁)နှစ်တိတိ နေအိမ်သို့ပြန်လာခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူ ကျွန်ုပ်အမှုသည် အား စွန့်ပစ်ထားအတွက် ကျွန်ုပ်အမှုသည်က လူကြီးမင်းနှင့် တရားဝင်ကွာရှင်းပြတ်စဲလိုပါသည်။ ထို့ကြောင့် လူကြီးမင်းအနေဖြင့် (၁၃-၁၂-၂၀၂၄) ရက်နေ့နောက်ဆုံးထား၍ ကျွန်ုပ်အမှုသည်အား လာရောက်ဆက်သွယ်၍ တရားဝင်ကွာရှင်းပြတ်စဲပေးပါရန်နှင့် အကယ်၍ ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ ကွာရှင်းပြတ်စဲခွင့်ကို တောင်းဆိုသွားမည်ဖြစ်ကြောင်း လူကြီးမင်းသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးရာဇာ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းထိုက် (LL.B/D.B.L)အထက်တန်းရှေ့နေ(စဉ်-၅၄၈၅၈)**
**အမှတ်(၂၁၁/က၊ မိဂသီ(၁၉)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၂၀ ၁၆၈ ၃၈၅၊ ၀၉ ၆၉၇ ၀၉၆ ၈၅၄**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ အလည်ရွာကျေးရွာ အထက -၁၁ (အလည်ရွာ) G-11 တွင် ပညာသင်ကြားနေသော မောင်ခိုင်မြဲသာ၏ ဖခင်အမည်မှန်မှာ ဦးတေဇာလင်း ၉/မထလ(နိုင်) ၂၄၅၀၅၉ ဖြစ်ပါကြောင်း။

**ဦးတေဇာလင်း**

## ပတ်စ်ပို့ပျောက်

ဦးထွန်းဦး၏သမီး နော်မဥ္ဇူထွန်း ၇/မညန(နိုင်)၁၃၂၄၃၉၏ နိုင်ငံကူးလက်မှတ် (MH-330399) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၄၁၇၉၄၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6M/4474 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချိုသဲဝင်း ၁၂/သခန(နိုင်)၀၃၈၂၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဖဖ-၁၊ ဦးပိုင်အမှတ် ၉၄၊ ၅၃x၅၄ကြား၊ ၁၁၀Eလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်မြင့် ၁၂/ကမရ(နိုင်)၀၃၆၃၇၁၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၇၈/၂၀၂၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှလှထွေး ၉/မရတ(နိုင်)၀၉၅၁၃၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၉၊ ဦးပိုင်အမှတ် ၄၁/၅၀x၅၁ကြား၊ ၁၁၂x၁၁၃ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ချင်း ၉/မနမ(နိုင်)၀၁၇၀၂၀က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အမှတ် (၅၀၁)၊ အခန်း (A 6)၊ အလင်းရောင် (၄) လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အကျယ်အဝန်း (အလျား ၅၀ပေ x အနံ ၁၂ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မိမိတစ်ဦးတည်းသာပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ပြည့်ပြည့်ထွန်း ၈/ရနခ(နိုင်)၁၅၄၇၆၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းနန္ဒာသိန်း ၁၂/ရပသ(နိုင်)၈၅၇၈၄၂ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းအစုံအလင်နှင့်တကွ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းသီဟ (LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၅၁၄၇၁)**
**အမှတ် (၃၇၂)၊ မင်္ဂလာလမ်းသွယ် (၁)၊ စော်ဘွားကြီးကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၂၅၄၀၁၂၆၄၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၃၊ ဦးပိုင်အမှတ်(၈) ၇၁x၇၂ကြား၊ ၁၁၆x၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဌေးအောင် ၉/မရတ(နိုင်)၀၄၄၀၈၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၀၄/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အဲဖိန်း ၁၃/သပန(နိုင်)၀၂၃၃၀၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)ရှိ ဒေါ်နီနီအေး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(၂၀၀၃)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကအား ပျဉ်းမနားခရိုင်တရားရုံး၏ ဘိလစ်ဖြစ်သူ ဒေါ်ခင်ခင်နွယ် (ဘ) ဦးခင်လှ ၁၄/လပတ(နိုင်)၁၈၀၆၂၅မှ မြေငှားစာချုပ်၊ ပျဉ်းမနားခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်(၃၀/၂၀၂၄)၊ တရားမဇာရီမှုအမှတ် (၄၂/၂၀၂၄)၊ ထုံးပုံကျအပြီးသတ်အမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးထွန်းနိုင်ဝင်း (ဘ) ဦးမြင့်အောင် ၉/ပဘန(နိုင်)၁၂၈၅၅၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၆၃၅)၊ မြမဥ္ဇူ(၂)လမ်းနှင့် နွယ်သာကီ(၂) လမ်းထောင့်၊ ဧရိယာ ၀ ဒသမ ၀၉၄ ဧက၊ အလျား (၆၇/၇၀)ပေ၊ အနံ ပေ ၆၀၊ စတုရန်းပေ ၄၁၁၀၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နှင်းဝတ်ရည်သောင်း ၇/ပခန (နိုင်) ၃၈၃၄၅၀ မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပစာအား လက်ရောက်ယူပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၄၆)**
**ဖုန်း-၀၉-၇၆၀၂၈၀၁၆၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၄)လမ်း၊ အမှတ်(၄၁၇)ပေါ်တွင် တည်ဆောက်ထားသော (၆)ထပ်တိုက်၏ ပဉ္စမထပ်၊ (၆)လွှာ၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း(၁၃ပေခွဲx၅၁ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဒေါ်အိမ့်ကြူနိုင် ၁၂/ဥကတ(နိုင်)၁၆၁၅၃၉မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဦးမင်းသူ ၁၂/ဗတထ(နိုင်)၀၃၂၃၈၀ မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သက်ထားဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင် (LL.B,WIPO-Switzerland)**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၁၉၈)**
**အမှတ်(၂၂၉)၊ သရဖီလမ်း၊ (၁၄/စီမံကိန်း- ၁)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ သခင်တင့်လမ်း၊ အမှတ်(၁၁၂၉)၊ ခြေရင်းခြမ်း ပါမစ်မူရင်း အကျယ်အဝန်း(၄၀ပေx ၆၀ပေ) အနက်မှ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိအိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးတင်ထွဋ် ၁၄/ဖပန(နိုင်)၀၂၉၁၁၇ မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဒေါ်မမြသိန်း ၁၁/စတန(နိုင်)၀၄၅၂၀၉မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်မမြသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင် (LL.B,WIPO-Switzerland)**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၁၉၈)**
**အမှတ်(၂၂၉)၊ သရဖီလမ်း၊ (၁၄/စီမံကိန်း- ၁)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၅/တပင်ရွှေထီးရပ်)၊ မြေကွက်အမှတ် (ပစ(C)၃၄၉၃)၊ အကျယ်အဝန်း (၆၀x၄၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးသိုက်စိုး (ဘ) ဦးသူတော် ၈/စတရ(နိုင်)၀၀၃၄၄၆ အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူထားပြီး လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ငယ်စိုးထွေး (ဘ) ဦးကျော်ထွေး ၁၂/အစန(နိုင်)၂၉၅၃၆၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်ကျော် (ဘ) ဦးဝင်းမောင် ၉/ပမန(နိုင်)၁၉၃၅၆၇က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -** **ဦးအောင်မြင့်ကျော်** **ဖုန်း-၀၉-၄၂၅၃၉၉၀၇၇**

**ဦးအောင်မြင့်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ချစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၃၆/၂၀၁၇)**
**အမှတ်(၂၆၆၁)၊ ဒေါနလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊**
**နေပြည်တော်၊ ဖုန်း - ၀၉-၄၃၁၁၂၄၀၊ ၀၉-၆၉၇၈၁၆၆၀၀**

## မြေကွက်အရောင်းအဝယ်ပြီးဆုံးကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အောင်မင်္ဂလာမြို့နယ်၊ အောင်မင်္ဂလာ(၁)လမ်း၊ သက်နှင်းကျွန်းကြီးတွင်နေထိုင်သည့် (အပိုင်ရောင်းသူ) ဒေါ်သက်နန္ဒာစိုး ၁၁/ ကဖန(နိုင်)၀၅၅၉၀၇နှင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလောက်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗဟိုလမ်းတွင်နေထိုင်သည့် ဦးထွန်းတင် ၁၁/ ကတန(နိုင်)၀၈၃၆၄၁ - ဒေါ်သီဂီမြတ် ၆/ပလန(နိုင်)၀၃၀၇၆၀တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သက်နှင်းကျွန်းကြီးအရှေ့ပိုင်း၊ သန္တိသုခလမ်း၊ ကွင်းအမှတ် ၅၃၄(စီ)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ ၀ ဒသမ ၃၄ဧကရှိ မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် ခြေရင်းခြမ်းအကွက်ထဲမှ တစ်ကွက်ဖြစ်သည့် ပေ(၃၀x၈၀)ရှိ ခြံမြေကွက်အား ဒေါ်သက်နန္ဒာစိုးမှ ဝယ်ယူလက်ရှိပိုင်ဆိုင်ထား၍ အရှုပ်အရှင်းကင်းရှင်းပြီး ရောင်းချခွင့်ရှိကြောင်းကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများရှေ့တွင် ဝန်ခံကတိပြုသည့်အတွက် ဦးထွန်းတင်နှင့် ဒေါ်သီဂီမြတ် (အတူနေလင်မယား)တို့မှ ဒေါ်သက်နန္ဒာစိုးအား ရောင်းဖိုးငွေအပြည့်အဝပေးချေပြီး အထက်ဖော်ပြပါမြေကွက်အား လက်ရောက်ရှိထားပြီးဖြစ်၍ မြေကွက်အရောင်းအဝယ်ပြီးဆုံးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးထွန်းတင်နှင့် ဒေါ်သီဂီမြတ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တိုးတိုးအောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၁)**
**အမှတ်(၆၆၂)A(မြေညီ)၊ သီရိမြိုင်(၁၀)လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၄၂၁၇၃၈၃၀၂၊ ၀၉-၉၆၃၄၆၇၆၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဧရိယာ ၀ ဒသမ ၇၀၆ ဧကရှိ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအား ပန်းတနော်မြို့၊ မြို့ကွက်သစ် (၁)ရပ်ကွက်နေ ဒေါ်ရင်ကြည် ၁၄/ပတန(နိုင်)၀၂၆၇၂၇ မှ မြေပေးမိန့်ရရှိရန် ပိုင်ဆိုင်မှုအထောက်အထားများနှင့် အတူ လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ(၁၅)ရက်အတွင်း ပန်းတနော်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေပေးမိန့်ထုတ်ပေးနိုင်ရေး ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လက်ထောက်ကော်လိတ်တော်အရာရှိ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပန်းတနော်မြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ပဲခူးခရိုင်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၂

| | | |
|---|---|---|
| ဒေါ်ဝင်းမာကျော် | **နှင့်** | ဒေါ်ခင်ညို |
| **(တရားလို)** | | **(တရားပြိုင်)** |

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ဂေါ်သဇင်လမ်း၊ အမှတ်(၇၃)နေ ဒေါ်ခင်ညို (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းမာကျော်က မှတ်ပုံတင်စာချုပ်ကြီးတစ်ရပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သော စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့ ၊ ဆားရွှေကင်းရပ်ကွက်အတွင်းရှိ မြေတိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၆၅၆-ကင်းကွင်း)၊ ဦးပိုင်အမှတ်(၉/၃-က)၊ ဧရိယာကေ ၃ ဒသမ ၀၈၀ ဧကရှိ (ဂရန်မြေ) အမျိုး အစား၊ အရှေ့ဘက်- မြေကွက်အမှတ်(၉)ကျန်မြေ ၊ အနောက်ဘက်- ကမ်းနားလမ်း၊ တောင်ဘက်- ကမ်းနားလမ်း၊ မြောက်ဘက်- မြေကွက်အမှတ်(၉)ကျန်မြေအတွင်းရှိ ဂရန်ပိုင်းမြေကွက်မှာ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃-၁-၂၀၁၆)ရက်စွဲပါ မြေငှား ဂရန် အမှုတွဲအမှတ်(၁၈၁/၁၅-၁၆)အရ နှစ်(၃၀)မြေငှားဂရန်ကို တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်ထားသူက အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းတို့ကို ဝန်ခံကတိပြုကာ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးမင်းထိုက်(ဘ) ဦးစိန်ဝင်းရွှေ ၈/စလန(နိုင်) ၀၉၃၁၄၀ ကလည်း အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီကြပါ၍ ရောင်းချသူအား ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ နှစ်(၃၀)မြေငှားဂရန်ပိုင်းမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး အရောင်းအဝယ်ပြုလုပ်ခြင်းကို ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတင်းစာပါ သတ်မှတ်ကြေညာထားသောရက်အထိ ကန့်ကွက်မည့်သူမရှိပါက နှစ်(၃၀)မြေငှားဂရန်ပိုင်းမြေကွက် အရောင်းအဝယ်စာချုပ်ကို ပြဋ္ဌာန်းဥပဒေများနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **ဦးအေးမင်းထိုက်** **၈/စလန(နိုင်)၀၉၃၁၄၀**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောဝင်းမောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၀၇/၁၄-၃-၁၉၈၆)**
**အမှတ်(၁၀)၊ ကန်သာ-၄ လမ်း ကန်သာရပ်၊**
**မကွေးမြို့ ဖုန်း- ၀၉-၂၅၉၁၀၄၉၆၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(အုတ်ဖိုရိုး/မြောက်) ဦးပိုင်အမှတ်(၂၈/၅)၊ ရွှေနံ့သာစံပြရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ မြေကွက်အမှတ်(၅၃၅-အေ)၊ (၂၀x၆၇) ပေအကျယ်ရှိ အမှတ်(၈)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလက်ရှိ ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးထွန်းထွန်းနိုင် ၁၁/မဥန(နိုင်)၀၄၂၃၅၁ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးသိန်းဇော် ၉/တသန(နိုင်)၁၁၁၉၆၉ ကလည်း အပြီးအပြတ် ဝယ်ယူ ရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်းတိကျ ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သက်သက်မွန် တရားလွှတ်တော်ရှေ့နေ** | **ဦးသုထက်ကျော်လွင် အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** |

**တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြင်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ - ၇၉၅၅၃၄၇၅၃၊ ၀၉ - ၇၅၀၃၉၈၄၀၆**

## ပျောက်ဆုံးကြောင်း

ကျွန်းလှမြို့၊ ရွှေတောင်ရွာနေ ဦးရင်မောင်၏သား မောင်အောင်မင်းထွန်း ၅/ကလန(နိုင်)၀၆၄၅၂၄ ၏ နိုင်ငံကူးလက်မှတ် MF -043891 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၉၃၂၉၄၇၄**

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ မင်းအိုကျေးရွာနေ ဦးမဲမောင်၏ သမီး မမြင့်မြင့်အေး ၅/ကနန(နိုင်)၀၆၆၉၈၁ ၏ နိုင်ငံကူး လက်မှတ် MG-412546မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၇၈၄၈၂၃၂**

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်၊ သပြေသာရွာနေ ဦးထွန်းရွှေ ၏သမီး ဒေါ်ဝင်းတင် ၅/ဒပယ(နိုင်)၀၀၉၀၅၉ ၏ နိုင်ငံကူး လက်မှတ် A-032364 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၀၅၀၄၃၁**

## ပျောက်ဆုံးကြောင်း

တောင်ဥက္ကလာပမြို့၊ (၆)ရပ်ကွက်နေ ဦးထွန်းအောင်၏သမီး မမိုးဝါဝါထွန်း ၅/ဒပယ(နိုင်)၀၇၆၀၁၇ ၏ နိုင်ငံကူးလက်မှတ် A -018779 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၀၅၀၄၃၁**

## အမည်ပြောင်း

မြိုင်မြို့နယ်၊ ကျော်ရွာမှ မသီတာဌေး (Ma Thidar Htay) ၈/မမန(နိုင်)၁၉၇၅၅၄ အား မသီတာဌေး (Ma Thida Htay) ဟု ပြောင်းလဲခေါ်ပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၅၊ ဦးပိုင်အမှတ်(၈) ၆၉x၇၀ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်အုန်းမြင့် ၉/စကန(နိုင်)၀၁၄၃၁၂၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၁၃/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အဲဖိမ်း ၁၃/သပန(နိုင်)၀၂၃၃၀၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်နိုင်(တောင်)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်-၅၃မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ကန်ထရိုက်တိုက်၏ (၅/B)လွှာဟုခေါ်တွင်သော (၁၂)ပေခွဲx(၅၅)ပေ အကျယ်အဝန်း တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းတွယ်ကပ်ထားသောပစ္စည်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်လှလှမိုး ၁၂/လမတ(ဧည့်)၀၀၁၁၃၈ မှ မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မာချို ၁၂/ဒလန(နိုင်)၀၂၉၂၂၂ မှ ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသဖြစ်သော တန်ဖိုးငွေအား စရန်ငွေပေးချေခဲ့ပြီးဖြစ်သောကြောင့် ဤတိုက်ခန်း အရောင်းအဝယ်အား ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်း မူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မာချိုထံသို့ဖြစ်စေ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်ကျော်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမင်းမင်းစိုး(LL.B)** | **ဒေါ်မျိုးမြတ်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၂၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၃၂)** |

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း- ၀၉-၄၅၀၀၂၉၂၁၅၊ ၀၉-၂၆၄၅၄၂၅၄၇**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာကျောင်းလမ်း၊ အမှတ်(၁၁၂)နေ ဒေါ်ခင်ခင်ငြိမ်း ၁၂/ရပသ(နိုင်) ၀၂၄၅၁၅ က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာ၊ ခရေ(၇)လမ်း၊ အမှတ်(၁၂၇)နေ ဒေါ်ခင်မာသန်း ၁၁/ကဖန(နိုင်)၀၀၁၂၃၅အား ကိုယ်စားလှယ်အဖြစ် လွှဲအပ်ထားသော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၆၄၈/ ၂၀၂၂ အားရုပ်သိမ်းလိုက်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်ထွေး**
**LLB, D.B.L, Dip in Eng**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၅/၆.၃.၂၀၁၂)**
**အမှတ်(၅)၊ (၁)လမ်း၊ အိမ်ခြေ(၁၀၀) ပလရရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၉-၄၃၀၂၀၅၅၇**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်အိသဲပွင့်ဖြူ ၁၀/သထန(နိုင်)၁၂၆၂၇၅နှင့် ဦးအောင်ကျော်ထွဋ် ၁၀/သထန(နိုင်)၂၆၁၇၅၇ တို့သည် လွန်ခဲ့သည့် ၂၀၁၇ခုနှစ်မှစတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ တစ်ဦး နှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ဆက်လက်ပေါင်းသင်းလိုသည့်ဆန္ဒ နှစ်ဦးစလုံးတွင် မရှိတော့သည့်အတွက် ၂၁-၆-၂၀၂၄ ရက်တွင် ကျောက်တံတားခရိုင်၌ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ဦးအောင်ကျော်ထွဋ်နှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်မနှင့် လုံးဝသက်ဆိုင်မှု မရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အိသဲပွင့်ဖြူ**

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၈၁.F)ရှိ မြေတိုင်းရပ်ကွက်အမှတ် (၃၅-E) မြေကွက် အမှတ်(၄၅/၂စီ)၊ မြေအမျိုးအစား (မြေပိုင်မြေ)၊ မြေကွက်အမည်ပေါက် (က) ဦးသိန်းမောင်၊ (ခ) ဒေါ်သန်းကြွယ်ဖြင့်ရှိသော မြေဧရိယာ(၀ဒသမ၂၅)ဧကအနက် မြေကွက်အမှတ်(၈၁/E)နှင့် ကပ်လျက်ရှိသော တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြင်း) အကျယ်အဝန်း (၂၈/၃၉x၁၃၈/၁၃၅)ပေ အရှေ့ဘက် (၂၈)ပေ၊ အနောက်ဘက် (၃၉)ပေ၊ တောင်ဘက် (၁၃၈)ပေ၊ မြောက်ဘက် (၁၃၅)ပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိဘနှစ်ပါးကွယ်လွန်သဖြင့် အမွေဆက်ခံခြင်းအရ (က) ဦးတင်ဦး ၁၂/ဗဟန(နိုင်)၁၀၂၃၁၁၊ (ခ)ဒေါ်ခင်ဆွေ ၁၂/ဗဟန(နိုင်)၀၃၂၂၆၈၊ (ဂ) ဒေါ်စန်းစန်းနု ၁၂/ဗဟန(နိုင်)၀၃၂၈၅၆၊ (ဃ) ဒေါ်ရီရီစိန် ၁၂/ဗဟန (နိုင်)၀၃၂၉၅၈ နှင့် (င) ဒေါ်တင်စုလှိုင် ၁၂/ဗဟန (နိုင်) ၀၄၀၃၈၇ ပိုင်ဆိုင်ခဲ့ကြသူများထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားရှိသော (က)ဒေါ်ဝေလွင်လွင်ထွန်း ၁၂/ဗဟန(နိုင်)၀၇၇၅၅၅၊ (ခ)ဦးလွင်အောင်ဇော် ၁၂/ဗဟန(နိုင်)၀၇၇၅၅၄၊ (ဂ) ဒေါ်ခင်စုစုသွယ် ၁၃/သပန(နိုင်)၀၄၉၇၄၃၊ (ဃ) ဦးလွင်မောင်မောင် ၁၂/ဗဟန(နိုင်)၀၉၀၂၃၇၊ (င) ဦးတင်မောင်လွင် ၁၂/ဗဟန (နိုင်) ၀၉၆၇၂၈တို့ (၅)ဦးမှ ပိုင်ဆိုင်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ၍ ကာလတန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာတွင် ဦးမြင့်ဇော် ၁၂/ဗတထ(နိုင်)၀၁၄၄၆၄ မှလည်း ဝယ်ယူရန် သဘောတူညီပါသဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက လုပ်ထုံးလုပ်နည်းများအရ အရောင်းအဝယ်အပြီးသတ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမြင့်ဇော် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်အေး**
**အထက်တန်းရှေ့နေ စဉ်-၁၉၁၂၁(၃၀-၆-၂၀၁၄)**
**အမှတ်(၂၂၄၈/ခ)၊ ဇေယျာဝတီ(၇)လမ်း၊ ၁၂ ရပ်ကွက်၊ သာကေတ၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၀၅၆၁၃၊ ၀၉-၄၃၀၇၃၃၁၈**

## ACP MANAGEMENT COMPANY LIMITED

**Appointment of the liquidator of the company pursuant to section 152(a) of the Insolvency Law and Rule 15 of the Insolvency Rules (Member's Voluntary Winding Up)**

A special general meeting was held on 5–12–2024 at No.34, Saddan Street, Ahlone Township. Yangon Region, Myanmar, at which all members unanimously passed special resolutions that the company be wound up voluntarily section 147(a)(2), and Daw Kay Khine Khine Linn, the holder of NRC No.12/ TAMANA(N)097716, be appointed as liquidator/ Insolvency Practitioner for the purpose of the said winding up with effect from 5–12–2024

Therefore, any person claiming to be creditors are requested to submit the details of the claim together with sufficient evidence to the liquidator no later than 3–1–2025

**Mr. LIM CHONG CHONG**
**Director**
**Pte.Ltd**
**ACP Management Company Limited**

**Mr. LIM CHONG CHONG**
**On behalf of Ascent Capital Partners**

**Daw Kay Khine Khine Linn**
**Liquidator**
**MAIP Member No.00017**
**ACP Management Company Limited**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ဒဂုံမြို့နယ်၊ (၁၄၀) ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ် (၈၇၀)မှ မဆန်းသီရိဝေ၏ ဖခင် ဦးကိုမင်းနှင့် ဦးမင်းမင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ချောက်ခရိုင်၊ ချောက်မြို့နယ်၊ ကျောက်ရဲအုပ်စု၊ ဆားလယ်ကျေးရွာနေ (ဘ) ဦးအောင်သိန်း၏သား ဦးသာအောင်(ခ) ဦးဖိုးသာအောင် ၈/ခမန(နိုင်)၁၃၂၁၂၇ မှာ အမည်နှစ်မျိုးဖြစ်သော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသာအောင် (ခ) ဦးဖိုးသာအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၇၆၅၉၃ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Hight Speed Bangkok Co.,Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/55548 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွဋ် ၅/စကန(နိုင်)၁၄၈၁၀၈ကေ (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/87040 Canda –125 ယာဉ်လက်ဝယ်ရှိသူ Pole Star Line Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ လင်းဇင်းရပ်၊ အကွက်အမှတ်(၁/လင်းဇင်း)၊ ဦးပိုင်အမှတ်(၈၈)၊ မြေကွက်အမှတ်(၁၀၈)၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိ အရှေ့လားသော်–မြေကွက်အမှတ်(၁၀၇)၊ အနောက်လားသော်–မြေကွက်အမှတ်(၁၀၉)၊ တောင်လားသော်–လမ်း၊ မြောက်လားသော်–ဒူးလမ်းစသည့်အလား(၄)ရပ်အတွင်းရှိ ဝိုင်းမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူများဖြစ်ကြသည့် ဦးကျော်မျိုးဇင် ၉/မထလ(နိုင်)၁၇၈၇၅၅ နှင့် ဦးသိန်းသန်းဖြိုး ၉/မထလ(နိုင်)၁၇၈၇၅၆ တို့မှ လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးမင်းသူရ ၈/ပခက(နိုင်)၁၆၂၄၉၇ မှ အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ဝိုင်းမြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ၃၀–၁၁–၂၀၂၄ ရက်စွဲပါ စရန်ပေးစာချုပ်ချုပ်ဆို၍ စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၄၉၅)**
**ပြည်သာယာတောင်ရပ်ကွက်၊ မိတ္ထီလာမြို့**
**ဖုန်း–၀၉–၂၂၀၁၅၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ်(၉၀၄)၊ (၈/၂၆)၊ (၈/၂၇) (၃)ခန်းတွဲ ပထမထပ်၊ အလယ်ခန်း၊ ရူပလမ်း၏ အကျယ်အဝန်း(၁၆ပေx၅၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်တင်တင်စိုး ၁၂/ဒဂတ(နိုင်)၁၃၈၂၁၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ထွန်း ၁၂/သဃက(နိုင်)၁၃၂၅၇၃က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ယနေ့ သတင်းစာကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဟေမာအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၄၉၀၄)**
**အမှတ်(၄)၊ ကံ့ကော်မြိုင်လမ်းသွယ်(၂)၊ သုဝဏ္ဏမြို့နယ်၊ ဖုန်း – ၀၉–၉၇၁၆၁၁၁၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ–၅၊ ဦးပိုင်အမှတ် ၆၀၊ ၇၀(A)လမ်း၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်နွယ်ဦး၏ (SPရရှိသူ ဦးစိန်လင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၅၆၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကေသီကျော် ၅/မရန(နိုင်)၁၅၈၁၇၄က အမှုတွဲအမှတ် (၅၃၉၃/၂၀၂၄–၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၁၀၄၅)၊ ဧရိယာ ၀ ဒသမ ၀၉၉ ဧကရှိ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ ဒေါ်မိမိတင် ၉/ပမန(နိုင်)၀၈၃၇၉၆မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး ဦးအေးနိုင် ၁၂/ဒဂန(နိုင်)၀၀၄၃၃၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆) ၊ ကွင်း/ အကွက်အမှတ် (RA–IV/ ကွက်ပြင်–၄) ၊ ဦးပိုင်အမှတ် (၆၉ – ခ)၊ မြေဧရိယာ ၀ ဒသမ ၄၃၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးမြင့်ဆန်း ၉/အမရ(နိုင်)၁၀၂၈၄၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ အကွက်အမှတ်(၅၉၉)၊ ဦးပိုင်အမှတ်(၁၆၅)၊ မောင်တိုင်းလမ်းတောင်ဘက်၊ စစ်ကိုင်း–မန်းလေးအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိုဘိုဝင်း ၉/အမရ(နိုင်)၀၀၀၁၆၁ က အမှုတွဲအမှတ်(၅၄၀၃/၂၀၂၄–၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
## ပျဉ်းမနားခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၂၉ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၄၉

| | | |
|---|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ) (ယခင်နေပြည်တော်စည်ပင်ဘဏ်လီမိတက်)(၎င်း၏ကိုယ်စား လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းလွင်ဦး ) | **နှင့်** | ၁။ ဒေါ်နွေးယုလှိုင်<br>၂။ ဆန္ဒဘုန်းပြည့်မိသားစု ကုမ္ပဏီလီမိတက် (ခ) ဆန္ဒဘုန်းပြည့်မြန်မာ ဂရုအော့ဖ်ကုမ္ပဏီလီမိတက်<br>၃။ ဦးပြည့်လင်းအောင် (၂/၃ တရားရှုံးများ၏ အခွင့်ရကိုယ်စားလှယ်ဒေါ်ခိုင်မာဝင်း) |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

ဦးပြည့်လင်းအောင်(ကုမ္ပဏီဒါရိုက်တာ) အမှတ်(ပ–၁၄၂)၊ မြို့မဈေးပွဲရုံတိုက်တန်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၂၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ (ဇမ္ဗူသီရိဘဏ်ခွဲ) (ယခင်နေပြည်တော်စည်ပင်ဘဏ်လီမိတက်) (၎င်း၏ကိုယ်စား လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းလွင်ဦး)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မြင့်ဟိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၀၃

| | | |
|---|---|---|
| ဒေါ်အေးအေးခိုင် | **နှင့်** | ဗိုလ်ကြီးငြိမ်းမောင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၈လမ်း၊ ၄၇နှင့် ၄၈ လမ်းကြား၊ (ဓဇ–၁၆)၊ ထွန်တုံးရပ်နေ ဗိုလ်ကြီးငြိမ်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဗိုလ်ကြီးငြိမ်းမောင် သင့်အပေါ်၌ တရားလို ဒေါ်အေးအေးခိုင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက် အမှတ် (ဠ–၁၅)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက၏ အကျယ်အဝန်းရှိ ဗိုလ်ကြီးငြိမ်းမောင် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့် )**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
## ပျဉ်းမနားခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၂၉ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၄၉

| | | |
|---|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ) (ယခင်နေပြည်တော်စည်ပင်ဘဏ်လီမိတက်)(၎င်း၏ကိုယ်စား လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းလွင်ဦး ) | **နှင့်** | ၁။ ဒေါ်နွေးယုလှိုင်<br>၂။ ဆန္ဒဘုန်းပြည့်မိသားစု ကုမ္ပဏီလီမိတက် (ခ) ဆန္ဒဘုန်းပြည့်မြန်မာ ဂရုအော့ဖ်ကုမ္ပဏီလီမိတက်<br>၃။ ဦးပြည့်လင်းအောင် (၂/၃ တရားရှုံးများ၏ အခွင့်ရကိုယ်စားလှယ်ဒေါ်ခိုင်မာဝင်း) |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

ဒေါ်နွေးယုလှိုင်၊ အိမ်အမှတ်(၅၇၃)၊ ခိုင်သဇင်လမ်း၊ ပုလဲ(၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၂၉ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ (ဇမ္ဗူသီရိဘဏ်ခွဲ) (ယခင်နေပြည်တော်စည်ပင်ဘဏ်လီမိတက်) (၎င်း၏ကိုယ်စား လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းလွင်ဦး)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မြင့်ဟိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၅) ၊ ကွင်း/ အကွက်အမှတ် (RA – V/ ကွက်ပြင်ရပ်)၊ ဦးပိုင်အမှတ် (၃၆–ဘ)၊ မြေဧရိယာ ၀ ဒသမ ၄၆ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးစိုးသိန်း ၁၂/မဂတ(နိုင်)၀၈၂၇၁၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ–၄၈၊ ဦးပိုင်အမှတ်(၄၃) ၅၅x၅၆ကြား၊ ၃၉x၄၀လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးယိုတက် (ခ) စိန်ဝင်း ၉/မရမ(နိုင်)၀၃၇၈၇၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် ခ–၆၊ ဦးပိုင်အမှတ်(၂၆–က) ၆၇x၆၈ကြား၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရွှေဝင်း ၈/မမန(နိုင်)၀၀၉၉၇၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၇၉/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသန်းထွန်းဝင်း ၈/မကန(နိုင်)၀၀၈၂၆၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/78428 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ယ–၂၊ ဦးပိုင်အမှတ် ၉/၇၃လမ်းပေါ်၊ ၁၁၂x၁၁၃ကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဗိုလ်မှူးချစ်သိန်း ၁၂/အစန(နိုင်)၁၀၄၈၂၇၏ GPရရှိသူ ဦးမောင်ချိုက ဂရန်ပျောက်၊ သက်တမ်းတိုးလျှောက်ထားဆဲဖြစ်ရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ခဲ့ပြီး ပျောက်ဆုံးသွားသော ဗိုလ်မှူးချစ်သိန်း အမည်ပေါက် ဂရန်အမှုတွဲအမှတ် ၁၁၅၀/၉၀–၉၁အား ဌာနမှပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံတာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်. . .**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## (၆.၁၂.၂၀၂၄)ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

Density 19.25 နှင့် အထက်ရှိသော စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅,၃၃၀,၀၀၀ ကျပ် ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

## မန္တလေးတိုင်းဒေသကြီး၌ ငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁ သိန်းနှင့် ဘိန်းဖြူ ၄၄၀ ဂရမ် ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး၌ ငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁ သိန်းနှင့် ဘိန်းဖြူ ၄၄၀ ဂရမ် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ၁၀၁ လမ်းနှင့် မြို့ပတ်လမ်းထောင့်တွင် ကျော်သူလွင် (ခ)မွန်ချေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ စိတ်ကြွ

*စာမျက်နှာ ၁၉ ကော်လံ ၁* ❖

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ ၀၉ မိနစ် ၂၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက်မိုင် ၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (တိုက်ကြီးမြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၇ ဒသမ ၃၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ မိုး/ဇလ

## ၂၀၂၄ Asean Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲများ ဒီဇင်ဘာ ၈၊ ၉ ရက်တွင် စတင်ကျင်းပမည်

၂၀၂၄ Asean Cup ပြိုင်ပွဲအုပ်စု အဖွင့်ပွဲများကို ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ တီမော၊ အုပ်စု (B) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်သည်။ အုပ်စုပွဲများကို ဒီဇင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုအဖွင့်ပွဲအဖြစ် ဒီဇင်ဘာ ၈ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကမ္ဘောဒီးယားအသင်းနှင့် မလေးရှားအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် တီမောအသင်းနှင့် ထိုင်းအသင်း၊ ဒီဇင်ဘာ ၉ ရက် ည ၇ နာရီတွင်

*စာမျက်နှာ ၁၉ ကော်လံ ၅* ❒



မြန်မာအသင်း လေ့ကျင့်စဉ်။

**ယနေ့ ဖတ်စရာ**

### ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်



**အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်**

အမျိုးသားအားကစားပွဲတော် စာ ၁၄

### မိုးဖြဲမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

ပြည်တွင်းသတင်း စာ ၁၉